မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၉၄)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ ဗုဒ္ဓဟူးနေ့။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မိုင်းတုံရေအားလျှပ်စစ်စီမံကိန်း ဖော်ဆောင်သည့်(CTGC) နှင့်(IGOEC) တို့မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် မိုင်းတုံရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်လျက်ရှိသည့် China Three Gorges Corporation(CTGC) နှင့် International Group of Entrepreneurs Company(IGOEC) တို့မှတာဝန်ရှိသူများအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံရာ၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဇင်ယော်၊ ဦးအေးမြင့်မောင်၊ ဒေါက်တာဒေါ်ခင်စန်းရီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ရေအား၊ လေအားတို့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် စီမံကိန်းများတွင် ဖြစ်နိုင်စွမ်းလေ့လာစူးစမ်းမှုဆိုင်ရာကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်သူတစ်ဦးချင်းရဲ့ဘဝ ထိထိရောက်ရောက် တိုးတက်အောင် ဆောင်ရွက်ပေးသွားမည်

ကျွန်တော်တို့က လမ်းကြီးတွေဖောက်၊ တံတားကြီးတွေဆောက်၊ စက်မှုဇုန်၊ စီးပွားရေးဇုန်တွေ တစ်ဖက်က တည်ဆောက်နေပေမယ့် ဒီတည်ဆောက်မှုတွေထက် ပြည်သူတစ်ဦးချင်း ထိတွေ့ခံစားနေရတဲ့ နေ့စဉ်တွေ့ကြုံနေတဲ့ စားဝတ်နေရေး၊ သွားလာနေထိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ပြောင်းလဲတိုးတက်အောင် တစ်နည်းအားဖြင့် ပြည်သူတစ်ဦးချင်းရဲ့ လူမှုစီးပွားရေးဘဝကို ထိထိရောက်ရောက် တိုးတက်အောင် ဆောင်ရွက်ပေးနိုင်မယ့် အစီအမံတွေကို ကျေးရွာမှအစ ကျေးရွာဖွံ့ဖြိုးမှု အစီအမံ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အစီအမံ၊ ဒေသဖွံ့ဖြိုးတိုးတက်မှု အစီအမံတွေ ထိထိရောက်ရောက် စီမံကြဖို့ အရေးတကြီး လိုအပ်လာပါတယ်။ ဥပမာအားဖြင့် နေထိုင်စရာ နေအိမ်အဆောက်အအုံနဲ့ ရေလိုအပ်ချက်၊ မီးလိုအပ်ချက်၊ သွားလာစရာ ဘတ်စ်ကားကျပ်တည်းမှု၊ အဆင်မပြေမှု လိုအပ်ချက်တွေ၊ အလုပ်အကိုင် အခွင့်အလမ်းတွေ စီမံဖန်တီးပေးဖို့၊ သိသိသာသာပြောင်းလဲတိုးတက်အောင် ဆောင်ရွက်ပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
၁၂-၅-၂၀၁၁ ရက်နေ့တွင်
နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊
ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ထိရောက်စွာ
ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ
လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်
မိန့်ခွန်းမှ-

ယနေ့မာတိကာ

မြောက်ဦးမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အရှေ့မြတနန်ဆောင်းဘုရားမှ ဌာပနာဆင်းတုတော်များ တွေ့ရှိ — စာမျက်နှာ -၈

တောင်အမေရိက အကောင်းဆုံး ဘောလုံးသမားဆု ဘရာဇီးတိုက်စစ်မှူး နေမာ ဆွတ်ခူး — စာမျက်နှာ -၁၂

မန်ယူတို့နိုင်ပွဲဆက်ဦးမယ့် အက်ဖ်အေဖလား တတိယ အဆင့်ပွဲစဉ် — စာမျက်နှာ -၁၃

မျိုးသုဉ်း
ပျောက်ကွယ်
တော့မည့်
ရှားပါး
တိရစ္ဆာန်
တစ်မျိုးကို
လှောင်အိမ်
စနစ်ဖြင့်
မထားတော့ဘဲ
သဘာဝအတိုင်း
လွှတ်ထား
သည်ကို
တွေ့ရစဉ်။

သဘာဝအနေအထားအတိုင်း ဖန်တီးထားသင့်သည့် တိရစ္ဆာန်ဥယျာဉ်များ

ဝင်းဆွေ(ဗဟန်း)

လူသားတို့သည် အပင်များ၊ တိရစ္ဆာန်များနှင့်အတူ ယှဉ်တွဲရှင်သန်လျက် ကမ္ဘာကြီးတွင် နေထိုင်လျက်ရှိသည်။ သို့ဖြစ်၍ လူသားတို့အနေဖြင့် အပင်များနှင့် တိရစ္ဆာန်များအပေါ်တွင် စိတ်ဝင်စားမှု၊ စူးစမ်းလိုမှု ရှိခဲ့ကြသည်။ လူသားဟူ၍ စတင်ဖြစ်ထွန်းစ အချိန်ကာလများ၌ လူတို့အနေဖြင့် တိရစ္ဆာန်များအား စားနပ်ရိက္ခာအတွက်သာ အမဲလိုက်ခဲ့ကြသည်။ ယဉ်ကျေးမှု အဆင့်အတန်း အတန်ငယ် မြင့်လာသောအချိန်၌ အမဲလိုက်ခြင်းမှတစ်ဆင့် တက်၍ တိရစ္ဆာန်များကို အရှင်ဖမ်းပြီး လှောင်၍ မွေးထားသောဓလေ့ပေါ်ထွန်းလာခဲ့သည်။ တောရိုင်းတိရစ္ဆာန်များကို အရှင်ဖမ်းဆီး မွေးမြူ၍ ဝင်းခြံအတွင်းထားပြီး လူအများကြည့်ရှုနိုင်ရန် ပြသခြင်း အလေ့အထမှာ လွန်ခဲ့သော နှစ်ပေါင်း(၄၀၀၀)ခန့်က အီဂျစ်နိုင်ငံ၌ စတင်ခဲ့ကြောင်း ပိရမစ်သင်္ချိုင်းဂူများမှရရှိသော အထောက်အထားများအရ လေ့လာသိရှိရသည်။

တရုတ်နိုင်ငံ မန်ချူးမင်းဆက် အစ ဘီစီ ၁၁၀၀ ပြည့်နှစ်လောက်၌ တည်ထောင်ခဲ့သော တိရစ္ဆာန်ဥယျာဉ်သည်ကမ္ဘာပေါ်တွင် ပထမဦးဆုံးသော တိရစ္ဆာန်ဥယျာဉ်ဖြစ်သည်ဟု သုတေသီများက ယူဆထားကြသည်။ အင်္ဂလန်နိုင်ငံ၌ ပထမဆုံးသော တိရစ္ဆာန်ဥယျာဉ်ကို ပထမဟင်နရီဘုရင်လက်ထက်၌ အောက်စဖို့ဒ်ဒေသ “ဝုဒ်စတော့” အရပ်တွင် ဖွင့်လှစ်ခဲ့သည်။ ထို့နောက် တတိယဟင်နရီဘုရင်လက်ထက်တွင် တောရိုင်းတိရစ္ဆာန်

စာမျက်နှာ ၉ ကော်လံ ၁ ❒

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လွတ်လပ်ရေးနှင့် စည်းလုံးညီညွတ်ခြင်း

မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို နယ်ချဲ့လက်အောက်မှ ပြန်လည်ရယူရာ၌ တစ်ဦးကောင်းတစ်ယောက်ကောင်းဖြင့် ရယူနိုင်ခဲ့ခြင်း မဟုတ်ချေ။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူ အပေါင်းတို့၏ စုစည်းညီညွတ်ခြင်းအားဖြင့်သာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ''တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရသည်''ဆိုသည့် စကားအတိုင်း အားလုံးစုစည်းညီညွတ်မှုအားဖြင့် လွတ်လပ်ရေးကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုစုစည်းညီညွတ်မှုစွမ်းအားသည် ပြန်လည်ရရှိရန် အလွန်တရာခက်ခဲသည့် လွတ်လပ်ရေးကိုပင် ရယူနိုင်သည်ဆိုလျှင် အခြားအခြားသော ကိစ္စများ၌လည်း မအောင်မြင်နိုင်စရာ အကြောင်းမရှိပါချေ။ အားလုံးသော အရာတို့ကို စုစည်းညီညွတ်ခြင်းအားဖြင့် အောင်နိုင်ပေသည်။ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့တွင် စုစည်းညီညွတ်ကြမည်ဆိုလျှင် အောင်မြင်မှုပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြမည်သာဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က '' မကြာမီ ကျရောက်တော့မယ့် လွတ်လပ်ရေးနေ့နဲ့ဆက်စပ်ပြီး ကျွန်တော်တွေးမိတဲ့အကြောင်းအရာတစ်ခုကို ပြည်သူလူထုကြီးကို မျှဝေလိုပါတယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအနေနဲ့ လွတ်လပ်ရေးရယူစဉ်က စုစည်းနိုင်ခဲ့တဲ့ ညီညွတ်မှုအင်အားအတိုင်း နိုင်ငံသားတစ်ဦးချင်း၊ တစ်ယောက်ချင်းစီက လက်တွဲလုပ်ဆောင်ကြမည်ဆိုလျှင် ယခုကြုံတွေ့နေရတဲ့ အပြောင်းအလဲတွေနဲ့ စိန်ခေါ်မှုတွေကို မလွဲမသွေကျော်လွှားနိုင်မယ်ဆိုတဲ့အတွေးပဲ ဖြစ်ပါတယ်။ ပြည်သူလူထုအများစုအနေနဲ့လည်း ကျွန်တော်နဲ့ တစ်သဘောတည်းရှိနေမယ်လို့ ယုံကြည်တဲ့အတွက် ကျွန်တော်တို့နဲ့အတူ လက်တွဲဆောင်ရွက်ဖို့တိုက်တွန်းပါတယ်''ဟု ရေဒီယိုမှတစ်ဆင့်ပြောကြားသည့် နှစ်သစ်ကူးမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

သမ္မတကြီးပြောသွားသော ဤအချက်သည် ပြည်သူတစ်ရပ်လုံးလိုက်နာဆောင်ရွက်သင့်သော အချက်ဖြစ်ပါသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးအချက်လည်း ဖြစ်ပါသည်။ ကျွန်ုပ်တို့နိုင်ငံသည်လွတ်လပ်ရေးရယူနိုင်ခဲ့သည်မှာ မကြာမီ (၆၅)နှစ် ပြည့်မြောက်တော့မည်ဖြစ်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့နိုင်ငံသည် အခြားသောအိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းစာလျှင် နောက်ကျကျန်ရစ်ခဲ့ရပါသည်။ အားလုံးဝိုင်းဝန်းကြိုးစားအားထုတ်ကြမှသာလျှင် အမီလိုက်နိုင်မည်ဖြစ်ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သောစကားနှင့်ဆိုရလျှင် ခါးတောင်းကျိုက်ပြီး ရေကုန်ရေခန်း ကြိုးစားအားထုတ်ကြရမည့်အချိန် ဖြစ်ပါသည်။

သို့ပါ၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများအပါအဝင် ပြည်သူတစ်ရပ်လုံးအနေဖြင့် ယနေ့နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသည့်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုအထွေထွေတို့တွင် မိမိတို့ ကျရာကဏ္ဍအသီးသီးတို့၌ လက်တွဲပူးပေါင်းဆောင်ရွက်သွားသင့်ပေသည်။ စုစည်းညီညွတ်ခြင်းဖြင့် အရာရာအောင်မြင်နိုင်ပါသည်။ ။

ပြည်တွင်းသတင်း

ဘားအံမြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် စာကြည့်တိုက်ဖွင့်ပွဲများကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁

ဒီဇင်ဘာ ၂၂ ရက်က ကရင်ပြည်နယ် ဘားအံမြို့နယ် မကျီးကျွန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်၊ မကျီးကျွန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးရွှေဘတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဆရာ ဆရာမများအတွက် ထောက်ပံ့ချီးမြှင့်ငွေများကို ပေးအပ်သည်။ အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀ နှင့် အနံပေ ၃၀ ရှိပြီး နိုင်ငံတော်မှ ငွေကျပ် ၄၃၂ သိန်း အကုန်အကျခံဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် မကျီးကျွန်းကျေးရွာ လင်းရောင်ခြည်ဖြိုးစာကြည့်တိုက်အတွက် Sky Net တစ်စုံ၊ ဆိုလာ၊ TV ၂၄ လက်မ တစ်လုံး၊ စာအုပ်၊ ဂျာနယ်နှင့် ထောက်ပံ့ငွေများကို ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က လှူဒါန်းခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မကျီးကျွန်းကျေးရွာအတွင်းစိုက်ပျိုးထားသည့် ပန်းဂေါ်ဖီ၊ ခရမ်း၊ ခရမ်းချဉ်၊ ငရုတ်၊ ဖူးစားပြောင်း၊ ပဲတိုင်ထောင်စသည့် ရာသီသီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုနှင့် အခြေခံပညာမူလတန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒီဇင်ဘာ ၂၃ ရက်က ကရင်ပြည်နယ် ဘားအံမြို့နယ် ဂျိုင်းကျေးရွာ ပညာဘဏ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ မြန်မာသစ်တောက်ငှက်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဦးတင်စိုးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွင်း ကြည့်ရှုအားပေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကရင်ပြည်နယ် အစိုးရအဖွဲ့၊ မြန်မာသစ်တောက်ငှက် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ အလှူရှင်နှင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့က Sky Net တစ်စုံ၊ ဆိုလာ၊ TV ၃၂ လက်မ တစ်လုံး၊ စာအုပ်စာစောင်နှင့် ပရိဘောဂများကို စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စည်းကမ်းမဲ့ ခရီးသည်ယာဉ်များ၊ စည်းကမ်းသတ်မှတ်ပေးစေလို

ထင်သာမြင်သာ ပြုပြင်စရာ

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း ပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်လိုင်းများအား ၂၀၁၂ ခုနှစ် ဩဂုတ် ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ အစည်းအဝေး ပြုလုပ်ကာ ယာဉ်ရပ်နားရန်ဂိတ်နေရာ၊ ယာဉ်ထွက်ချိန်၊ ယာဉ်စီးခ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ဂိတ်စည်းကမ်း၊ ယာဉ်ဝန်ထမ်းများ ကျင့်ဝတ်စည်းကမ်းများ ချမှတ်၍ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် လိုက်နာဆောင်ရွက်စေခဲ့သည်။

မော်တော်ယာဉ်လိုင်းများ စည်းကမ်းတကျ လိုက်နာဆောင်ရွက်နေချိန်တွင် ရွှေကျင်-ရန်ကုန်သွား ခရီးသည်ယာဉ်လိုင်းတချို့ ချမှတ်ထားသောစည်းကမ်းများကို မလိုက်နာဘဲ တွေ့ရာနေရာတွင် ဂိတ်ဝင်ထိုးခြင်း၊ ယာဉ်စီးခများကိုလည်း သတ်မှတ်ချက်အတိုင်းမတောင်းခံခြင်း၊ မိမိတို့လိုင်းခရီးစဉ်မဟုတ်ဘဲ အခြားခရီးစဉ်များကို တရားမဝင်အတင်းဝင်ရောက်ပြေးဆွဲခြင်း၊ အများပြည်သူသွားလမ်းတွင်ဘယ်ညာပိတ်ဆို့ကာ စည်းကမ်းမဲ့စွာရပ်ပြီး ဂိတ်ထိုးခြင်းတို့ကြောင့် ခရီးသည်၊ ပြည်သူနှင့် လမ်းကိုအသုံးပြုသူများ စိတ်ကသိကအောက်ဖြစ်ရပြီး ယာဉ်အန္တရာယ်သာမက မြို့အင်္ဂါရပ်ကို အကျည်းတန်စေခဲ့သည်။

သို့ပါ၍ ချမှတ်ထားသော စည်းကမ်းများကို လိုက်နာခြင်းမရှိသော အဆိုပါ မော်တော်ယာဉ်လိုင်းအား အများပြည်သူများစိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်စေရန်နှင့် ရွှေကျင်မြို့၏လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်အတွက် ယာဉ်စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပြည်သူများက လိုလားနေပါသောကြောင့် ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍအဖြစ် တင်ပြအပ်ပါသည်။

(မစုစုခင်)

ကလေးမြို့နယ်၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ကလေး ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နှောညောင်ပင်ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းဖွင့်ပွဲနှင့် ပညာ့ဗိမာန်သီရိအောင် ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း တက်ရောက်ချီးမြှင့်အားပေးသည်။

အခမ်းအနားတွင် နှောညောင်ပင်ကျေးရွာအခြေခံပညာမူလတန်းကျောင်းဆိုင်းဘုတ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးတင်လှိုင်၊ မြို့နယ်ပညာရေးမှူးဒေါ်ဌေးဌေးမြင့်နှင့် အလှူရှင်ဦးကျော်ဝင်းလေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

နှောညောင်ပင်ကျေးရွာ စာသင်ကျောင်းသည် ၁၉၉၂ ခုနှစ်မှစ၍ ကိုယ့်အားကိုယ်ကိုး စာသင်ကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ယခု ၂၀၁၂ ခုနှစ်တွင် အခြေခံပညာမူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါကျောင်းတွင် အဆောင် (၁)နှင့် အဆောင်(၂)ဟူ၍ရှိပြီး ယခုဖွင့်လှစ်သောအဆောင်မှာ အဆောင်(၂) ပညာ့ဗိမာန်သီရိအောင်ကျောင်းဆောင်ဖြစ်၍ သွပ်မိုး၊ နံရံကပ်ဖြစ်ကာ အလျားပေ ၈၀၊ အနံပေ ၃၀၊ တန်ဖိုး ငွေကျပ် သိန်း ၄၂၀ ဖြစ်ကြောင်း သိရသည်။ ကျောင်းဆောင်သစ်နှင့်အတူ စာသင်ခုံများ၊ ရေလောင်းအိမ်သာများ၊ အလံတိုင်များ၊ ရွာအဝင်မုခ်ဦးနှင့် စာသင်ကျောင်းမုခ်ဦးတို့ကိုလည်း အပြီးလှူဒါန်းသွားကြောင်း သိရှိရသည်။

(သျှင်နေမင်း-ဂန့်ဂေါ)

နတ်မောက်ထွန်းရှိန် စာကြည့်တိုက် နတ်မောက်၌ဖွင့်

နတ်မောက် ဇန်နဝါရီ ၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဝါပန်ကျေးရွာအုပ်စု ဘော်အိုင်ကျေးရွာ၌ ဒီဇင်ဘာ ၂၈ ရက်က နတ်မောက်ထွန်းရှိန်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို စာကြည့်တိုက်အလှူရှင်အမျိုးသားစာပေဆုရ နတ်မောက်ထွန်းရှိန်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ဥမ္မာခင်၊ ဝါပန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါဖွင့်ပွဲတွင် စာကြည့်တိုက်အလှူရှင် နတ်မောက်ဦးထွန်းရှိန်က စာကြည့်တိုက်ဆောက်လုပ်လှူဒါန်းရခြင်း အကြောင်းပြောကြားပြီး သုတ၊ ရသစာအုပ်မျိုးစုံ ၅၅၀နှင့် မဂ္ဂဇင်း၊ ဂျာနယ် ၁၅၀၀၊ မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာခင်က သုတ၊ ရသစာအုပ် ၃၀ နှင့် ကျေးလက်နေပြည်သူများက ငွေကျပ် ၅၀၀၀၀ ကို စာကြည့်တိုက်ငွေပဒေသာပင်အတွက် လှူဒါန်းခဲ့ပြီး စာကြည့်တိုက်အဆောက်အအုံသည် အလျား ပေ၂၀ အနံ ၁၅ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုးအုတ်ညှပ်၊ ကွန်ကရစ်ခင်းဖြစ်ပြီး ငွေကျပ် ၂၅ သိန်း ကုန်ကျကြောင်း သိရသည်။

(နတ်မောက်ပြန်/ဆက်)

ပြည်တွင်းသတင်း

ရေစကြိုမြို့နယ် စာကြည့်တိုက်ဖြစ်မြောက်ရေး စာအုပ်စာစောင်များနှင့် အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ မြို့နယ် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် ရေစကြိုမြို့နယ် စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် စာအုပ်စာစောင်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်ပြီး စာအုပ်မျိုးစုံ ငွေကျပ် သုံးသိန်းဖိုးနှင့် ငွေကျပ်သိန်း ၃၀တို့ကို လှူဒါန်းကာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်သန်း (ကံပွင့်အမွေးတိုင်)က ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေစကြိုမြို့နယ် သာသနာ့ဗိမာန်တည်ဆောက်နေမှု၊ ဆင်ချောင်းစံပြကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု၊ သာသနာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော ပခုက္ကူမြို့ တောင်ဇလပ်လူငယ်ပျိုးခင်း သင်တန်းကျောင်းနှင့် ပုဂံမြို့ရှိ ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သုတေသန ဓမ္မသဘင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တင်ဒါခေါ်ယူ

နေပြည်တော် ဇန်နဝါရီ ၁

ယနေ့ပြုလုပ်သည့် အခမ်းအနားသည် တိုင်းဒေသကြီး/ပြည်နယ် ၁၄ခု အတွင်းရှိ ကျေးလက်ဒေသရေရရှိရေး လုပ်ငန်းများဖြစ်သည့် တွင်းတိမ် ၃၉ တွင်း၊ တွင်းနက်၁၁၀၊ လက်တူးတွင်း ၆၇တွင်း၊ မိုးရေလှောင်ကန် ၁၁၃ ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်း ၉၁ ခု စုစုပေါင်း ကျေးလက်ရေပေးရေးလုပ်ငန်း ၄၂၀ ကို ဆောင်ရွက်ရန် တင်ဒါခေါ်ယူခြင်းဖြစ်ကြောင်း တင်ဒါစိစစ်ရွေးချယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် တင်ဒါစိစစ်ရွေးချယ်ရေး အခမ်းအနားတွင်**(အပေါ်ပုံ)**ပြောကြားသည်။

ဆက်လက်၍ ကျေးလက် ရေပေးရေးလုပ်ငန်းများကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် ၂၀၁၃ ခုနှစ် မတ် ၃၁ ရက်တွင် လုပ်ငန်းအပြီးသတ်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် တာဝန်ယူဆောင်ရွက်သည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ ကျွမ်းကျင်အင်ဂျင်နီယာများ၊ ကျွမ်းကျင်လုပ်သားများကို စံချိန်စံညွှန်းပြည့်မီအောင် တာဝန်ပေး ဆောင်ရွက်စေခြင်း ဖြင့်သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တွန်းအားပေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေပေးရေးလုပ်ငန်းများ တည်ဆောက် ပြီး သက်တမ်း(၅) နှစ်တာကာလအတွင်း မပျက်စီးစေရအောင် တာဝန်ယူ ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေ ပြည်သူတို့၏လူနေမှုဘဝ အဆင့်အတန်း မြင့်မားလာစေရေးနှင့် ဆင်းရဲမှု လျှော့ချရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ တာဝန်ပေးအပ်ခြင်းခံရသည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများအနေဖြင့် စေတနာအပြည့်အဝထားရှိပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် တင်ဒါစိစစ်ရေး ဗဟိုအဖွဲ့ဝင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော်စည်ပင်သို့ မော်တော်ယာဉ်နှစ်စီး လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ Myanmar Pipes & Accessories Co.,Ltd. မှ Platform Truck မော်တော်ယာဉ်နှစ်စီးလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ကျင်းပရာ Myanmar Pipes & Accessories Co.,Ltd. မန်နေဂျင်းဒါရိုက်တာက ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်ထံ Platform Truck မော်တော်ယာဉ်နှစ်စီးကို ပေးအပ်လှူဒါန်းသည်။

အသုံးပြု

အဆိုပါလှူဒါန်းသည့် Platform Truck မော်တော်ယာဉ်များသည် ဂျပန်နိုင်ငံမှ ထုတ်လုပ်ခြင်းဖြစ်ပြီး လက်တံ (Boom)သည် မြေပြင်မှအမြင့် ၂၇ ပေအထိ မြှင့်တင်နိုင်ကာ ယင်းလက်တံကို ၃၆၀ ဒီဂရီလှည့်၍ အသုံးပြုနိုင်ပြီး တန်ဖိုးငွေမှာ တစ်စီးလျှင် ငွေကျပ်သိန်း ၄၁၀ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်ပပို့ကုန်ငါးရှဉ့် မွေးမြူထုတ်လုပ်ရန်အားနည်းချက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံတွင် ငါးရှဉ့်ကို ရေထွက်ပစ္စည်းပို့ကုန်တစ်ခုအဖြစ် သဘာဝမှ ဖမ်းဆီးထုတ်လုပ်လျက်ရှိပြီး မွေးမြူထုတ်လုပ်သွားရန် လျာထားချက်ရှိသော်လည်း အားနည်းချက်များ ရှိနေသေးကြောင်း ဇန်နဝါရီ ၁ရက်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ငါးရှဉ့်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ငါးရှဉ့်များကို ၁၉၉၀ ခုနှစ်မှစတင်ကာ သဘာဝမှဖမ်းဆီးထုတ်လုပ်ခဲ့သည်။ ၂၀၁၁ခုနှစ်မှ စတင်ကာ ငါးရှဉ့်ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ပြီးခဲ့သည့်ရက်များတွင် ငါးရှဉ့်တစ်တန်လျှင် လေလံဈေး အမေရိကန်ဒေါ်လာ ၇၀၀၀အထိ စံချိန်တင် ဈေးကောင်းရရှိခဲ့သည်။ ငါးရှဉ့်အထွက်များသည့် မိုးရာသီဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် တစ်ရက်လျှင် တန် ၄၀ လောက်အထိ ထုတ်လုပ်နိုင်ပြီး အထွက်အနည်းဆုံးကာလ ဧပြီလ၌ပင် ၁၀ တန်လောက်အထိ ရရှိနေသည်ဟုလည်း အဆိုပါအသင်းဥက္ကဋ္ဌ ဦးဘသော်က ပြောကြားခဲ့သည်။

ငါးရှဉ့်မှာ အထွက်နှုန်းကောင်းသလို ဈေးကောင်းလည်း ရရှိနေပြီး သဘာဝသယံဇာတကို အခြေခံသော လုပ်ငန်း ဖြစ်သည်ဟုဆိုပါသည်။ ထို့ပြင် သဘာဝဆိုသည်မှာ လျော့ပါးသွားတတ်သဖြင့် ငါးရှဉ့်များ မျိုးတုန်းပျောက်ကွယ်မသွားစေရန် သဘာဝဖမ်းဆီးရေးကိုသာ အားမပြုဘဲ မွေးမြူထုတ်လုပ်နိုင်ရန် ဆောင်ရွက်မည်ဟုသိရသည်။

သို့ရာတွင် နည်းပညာပိုင်း၌ လိုအပ်ချက်များရှိနေသေးသဖြင့် ငါးရှဉ့်မွေးမြူရေးတွင် အောင်မြင်နေသော တရုတ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင် စသည့်နိုင်ငံများမှ မွေးမြူနည်းစနစ်များကို လေ့လာကာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။ **(နန္ဒာဝင်း)**

ကြည့်ရှု

ရန် ကုန် မြို့တော်ဝန် ဦးလှမြင့် ရန် ကုန် မြို့ တော် စည်ပင်သာယာရေး ကော် မ တီ သို့ လှူ ဒါန်း သော မော် တော် ယာဉ် နှစ်စီးကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ပညာရေးဖောင်ဒေးရှင်း မတည်အလှူငွေ ပေးအပ်

မြောက်ဦး ဇန်နဝါရီ ၁

ရခိုင်ပြည်နယ် မြောက်ဦးမြို့ အထက (၁) ပညာရည်မြင့်မားတိုးတက်ရေးအတွက် ဦးအောင်ဌေးဦး ပညာရေးဖောင်ဒေးရှင်း မတည်အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီခွဲကအဆိုပါကျောင်း ဦးမြဝါခန်းမ၌ကျင်းပရာ မြောက်ဦးမြို့ လက်ကောက်ဈေးရပ်နေ ဦးအောင်ဌေးဦး ဇနီးဒေါ်လှအေးခင် (တော်ဝင်ရတနာရွှေဆိုင်) မိသားစုက ဦးအောင်ဌေးဦး၏ အသက် (၅၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ဦးအောင်ဌေးဦး ပညာရေးဖောင်ဒေးရှင်းအမည်ဖြင့် မတည်အလှူငွေကျပ်၅၁သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မခင်ဝင်းထံ ပေးအပ်လှူဒါန်းခဲ့သည်။ **(ဖိုးဌေး)**

နေပြည်တော်ကောင်စီနယ်မြေနှင့် ပဲခူးမြို့နယ်တို့၌ တရားမဝင် ကျွန်း၊ သစ်မာ၊ အခြားသားများနှင့် သစ်စက်များဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်း၊ လယ်ဝေးနှင့်ပျဉ်းမနားမြို့နယ်တို့မှ သစ်တောဝန်ထမ်းများသည် တရားမဝင်သစ်များ ဖမ်းဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၀ရက်မှ ၂၅ရက်အထိ တပ်ကုန်းမြို့နယ် ပလွေးကြိုးဝိုင်းနှင့် လိုက်ကြိုးဝိုင်းတို့မှ တရားမဝင်ကျွန်း၊ သစ်မာ၊ အခြား ၁၈ ဒသမ ၈၃၆၆ တန်၊ လယ်ဝေးမြို့နယ် မင်းပြင်ကြိုးဝိုင်း၊ ပလွေးကြိုးဝိုင်း၊ ကျောက်မဆင်တိုးချဲ့ ကြိုးဝိုင်းနှင့် ရုံးပင်ချောင်းတို့အတွင်းမှ တရားမဝင်ကျွန်းသစ် ၁၀ ဒသမ ၀၃၄၄ တန်နှင့် လှည်းမြီးငုံးတို တစ်စီး၊ ပျဉ်းမနားမြို့နယ် နန်ချိုကြိုးဝိုင်းနှင့် တောင်ညိုကြိုးဝိုင်းတို့မှ တရားမဝင်သစ်မာ၊ အခြား ၁ ဒသမ ၉၆၂၈တန်၊ သစ်စက်အင်ဂျင်တစ်လုံး၊ လွှဝိုင်း တစ်ဝိုင်းနှင့် ဆက်စပ်ပစ္စည်းများ၊ ဖိုးဇောင်တောင်ကြိုးဝိုင်းတွင် တရားမဝင် မီးသွေးဖိုသုံးဖိုတို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိသည်။ တပ်ကုန်းမြို့နယ် ငလိုက်ကြိုးဝိုင်းမှ တရားမဝင်ပိတောက်သစ် ၁၂လုံး ၁ ဒသမ ၇၀၂တန်၊ သစ်စက်အင်ဂျင်တစ်လုံး၊ လွှဝိုင်း တစ်ဝိုင်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တရားခံတစ်ဦးအား ဖမ်းဆီးရမိသည်။

ဖမ်းဆီးရမိ

တရားမဝင်သစ်စက်နှင့် သစ်ပိုင်ရှင်မှာ တောင်ညိုရွာနေ ဦးဝင်းဇော်ဦးဖြစ်သည်။ လယ်ဝေးမြို့နယ် အင်ပင်သာရွာ၌ တရားမဝင်ကျွန်းသစ်လုံး ၁ဒသမ ၁၅၄၀ တန်နှင့်အတူ တရားခံနှစ်ဦးအား ဖမ်းဆီးရမိပြီး သစ်ပိုင်ရှင်များမှာ ဦးကျော်တိုး အင်ပင်သာရွာနှင့်မဖြူအေး ရှားချောင်းရွာတို့ဖြစ်သည်။

တိုင်ကြား

အဆိုပါ တရားခံသုံးဦးကို သစ်တောဥပဒေအရ အရေးယူရန်စီစဉ်ထားသည်။ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် (၁၉၇/၀)အနီးတစ်ဝိုက်၊ ဂုံးတောင်ရွာတွင် တရားမဝင်ကျွန်း (သစ်လုံး/ခွဲသား/ပြတင်းတံခါး) ၁ ဒသမ ၄၆၂ တန်နှင့်အတူ တရားခံ နှစ်ဦးအား ဖမ်းဆီးရမိပြီး ကျွန်းသစ်ပိုင်ရှင် ဦးညဏ်တင်အား သစ်တောဥပဒေ ပုဒ်မ ၄၃(က)နှင့် ကျွန်းတံခါးရွက်ပိုင်ရှင် ဒေါ်အေးအေးအား သစ်တောဥပဒေ ပုဒ်မ ၃၃(က)၁ တို့ဖြင့် လယ်ဝေးရဲစခန်း၌ အမှုဖွင့်တိုင်ကြားထားသည်။

အရေးယူဆောင်ရွက်

အလားတူ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ပဲခူးမြို့နယ်၌ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် (၃၇/၁)မှအရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာ နေရာနှစ်ခုမှ တရားမဝင် ကျွန်းခွဲသား အချောင်း(၉၀)၊ ၄ ဒသ မ ၄၆၉၄ တန်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိပြီး ပိုင်ရှင်ဖော်ထုတ်အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

နိုင်ငံတကာသတင်း

တာလီဘန်တရားရေးဝန်ကြီးဟောင်း ပါကစ္စတန်က ပြန်လည်လွှတ်ပေး

အစ္စလာမ်မာဘတ် ဇန်နဝါရီ ၁

အာဖဂန်တာလီဘန် တရားရေးဝန်ကြီးဟောင်း မူလာနိုရွတ်ဒင်တူရာသီအား အခြားသော တာလီဘန်အကျဉ်းသားသုံးဦးနှင့်အတူ ပါကစ္စတန်နိုင်ငံက ပြန်လွှတ်ပေးလိုက်ကြောင်း ဒီဇင်ဘာ ၃၁ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပါကစ္စတန်တာဝန်ရှိသူများအနေဖြင့် ငြိမ်းချမ်းရေးတိုးတက်စေရန်အလို့ငှာ တာလီဘန်အကျဉ်းသားများကို လွှတ်ပေးနိုင်ရေး ကြိုးစားလျက်ရှိကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောကြားသည်။ ပါကစ္စတန်နိုင်ငံက နိုဝင်ဘာလအတွင်း တာလီဘန်အဖွဲ့ဝင် ၁၃ ဦးအား ပြန်လွှတ်ပေးခဲ့သည်ဟု ဆိုသည်။

သို့သော်လည်း အာဖဂန်တာလီဘန် နံပါတ်-၂ ခေါင်းဆောင်ဟောင်း မူလာအဗ္ဗဒူလ်ဂရန်နီဘာရာဒါအား ပါကစ္စတန်အကျဉ်းထောင်၌ ဆက်လက်အကျဉ်းချထားဆဲဖြစ်သည်။ တာလီဘန်အကျဉ်းသား ဒါဇင်ပေါင်းများစွာကို ပါကစ္စတန်က ဖမ်းဆီးထားဆဲဖြစ်သည်။

မျှော်လင့်ထား

နေတိုးတပ်များ ၂၀၁၄ ခုနှစ်အကုန်တွင် အာဖဂန်မှရုပ်သိမ်းရန် စီစဉ်ထားသည်။ အာဖဂန်က လွတ်မြောက်လာသော တာလီဘန်ထိပ်ပိုင်း တာဝန်ရှိသူများနှင့် တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ **(ဘီဘီစီ)**

တင်မောင်လွင်-စုစည်းသည်

တောင်ကိုရီးယားနှင့်တင်းမာမှုများ အဆုံးသတ်ရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းဆော်ဩ

ပြုံယမ်း ဇန်နဝါရီ ၁

နှစ်သစ်ကူးအခါသမယတွင် မြောက်ကိုရီးယားပြည်သူများ၏ အကျိုးစီးပွားကို ထောက်ရှုသောအားဖြင့် တောင်ကိုရီးယားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့အကြား တင်းမာမှုများအဆုံးသတ်သွားရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ဆော်ဩလိုက်ကြောင်း ဇန်နဝါရီ ၁ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ (အပေါ်ပုံ)

မြောက်နှင့်တောင်ကိုရီးယားနိုင်ငံတို့ ထိပ်တိုက်ရင်ဆိုင်မှု အဆုံးသတ်ရန် အရေးကြီးကြောင်း ကင်ဂျုံအန်းက ဒီဇင်ဘာ ၃၁ ရက်တွင် နှစ်သစ်ကူးမိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားလိုက်ခြင်းဖြစ်သည်။

ထိပ်တိုက်ရင်ဆိုင်မှုသည် နှစ်နိုင်ငံအကြား မည်သို့မျှ အကျိုးမရှိနိုင်ကြောင်း၊ စစ်ပွဲသာဖြစ်နိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။ ၂၀၁၃ ခုနှစ်သည် မြောက်ကိုရီးယားနိုင်ငံအတွက် ကြီးမားသော ဖန်တီးလုပ်ကိုင်မှုများနှင့် ပြုပြင်ပြောင်းလဲမှုများကို ဖြစ်စေရမည်ဖြစ်ကြောင်းလည်း ၎င်းက ဆော်ဩလိုက်သည်။ ဆိုးလ်နှင့်ပြုံယမ်းတို့သည် ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က မြောက်ကိုရီးယားမှ တောင်ကိုရီးယားယွန်ပြွန်းကျွန်းပေါ်သို့ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ပြီးနောက် တင်းမာမှုများ ဖြစ်ခဲ့သည်။ **(ပရက်စ်တီဗွီ)**

၂၀၁၂ ခုနှစ်တွင် အာဖဂန်တပ်ဖွဲ့ဝင်ပေါင်း ၁၀၀၀ ကျော်သေဆုံး

ကဘူးလ် ဇန်နဝါရီ ၁

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း ၂၀၁၂ ခုနှစ်အတွင်း တိုက်ခိုက်မှုများကြောင့် အာဖဂန်အမျိုးသားတပ်ဖွဲ့ဝင်ပေါင်း ၁၀၀၀ ကျော်သေဆုံးခဲ့ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာန၏ပြောကြားချက်ကို ဇန်နဝါရီ ၁ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပြောကြားခဲ့

စစ်ဘေးစစ်ဒဏ်ခံရနေသည့် အာဖဂန်နစ္စတန်နိုင်ငံအတွင်း တိုက်ခိုက်မှုများကြောင့် သေဆုံးသည့်အမျိုးသားတပ်ဖွဲ့ဝင်ပေါင်း ၁၀၅၆ ဦးရှိကြောင်း၊ ယင်းတို့အနက် အာဖဂန်အမျိုးသားတပ်ဖွဲ့ဝင် ၇၅ ရာခိုင်နှုန်းသည် မြေမြှုပ်မိုင်းများနှင့် လမ်းဘေးဗုံးခွဲတိုက်ခိုက်ခံရမှုများကြောင့် သေဆုံးသွားကြရခြင်းဖြစ်ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၃၀ ရက်က ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

ထို့အပြင် အာဖဂန်တပ်ဖွဲ့အနေဖြင့် ခေတ်မီဆန်းသစ်သော တင့်ကားများနှင့် လက်နက်ပစ္စည်းကိရိယာများကို အသုံးပြုတိုက်ခိုက်ခဲ့ပြီး မြေမြှုပ်မိုင်းများကိုလည်း ပိုမိုကာကွယ်နိုင်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဆက်လက် ပြောကြားသည်။

သေဆုံးခဲ့

ထို့နောက် ၂၀၁၂ ခုနှစ်တွင် စစ်သွေးကြွထောင်ပေါင်းများစွာ သေဆုံးခဲ့ကြောင်း ဒီဇင်ဘာ ၂၈ ရက်တွင် နိုင်ငံအရှေ့ပိုင်း နူရီစတန်ပြည်နယ်တွင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာလီဘန်စစ်သွေးကြွများအကြား အပြန်အလှန်တိုက်ခိုက်မှုများဖြစ်ပွားမှုကြောင့် တာလီဘန်စစ်သွေးကြွငါးဦးသေဆုံးခဲ့သည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

တောင်ကိုရီးယားနျူကလီးယားဓာတ်ပေါင်းဖိုတစ်လုံး စတင်လည်ပတ်

ဆိုးလ် ဇန်နဝါရီ ၁

တောင်ကိုရီးယားနိုင်ငံက ဆောင်းရာသီအတွင်း ဓာတ်အားပြတ်တောက်မှုများသက်သာလျော့ပါးရေးနှင့် ဘေးကင်းလုံခြုံစေရန်အတွက် ပိတ်ထားသည့် နျူကလီးယားဓာတ်ပေါင်းဖိုသုံးလုံးအနက်မှ ဓာတ်ပေါင်းဖိုတစ်လုံးကို ဒီဇင်ဘာ ၃၁ ရက်က ပြန်လည်စတင်လည်ပတ်ခဲ့ကြောင်း ချန်နယ်နယူးစ်အာရှသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံ၏ အကြီးဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံဖြစ်သော ယီယွန်ဂွန်ရှိ ဓာတ်ပေါင်းဖိုသုံးလုံးကို ပစ္စည်းအစိတ်အပိုင်းအချို့ လုံခြုံမှုအရည်အသွေးမြှင့်တင်ပြီး ပြန်လည်အစားထိုးဖြည့်စွက်ရန် ပြီးခဲ့သည့် နိုဝင်ဘာလက ပိတ်ထားခဲ့ရခြင်းဖြစ်သည်။

ယီယွန်ဂွန်ရှိ အဆိုပါဓာတ်ပေါင်းဖိုတစ်လုံးကို နျူကလီးယားကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေးအဖွဲ့၏ ထောက်ခံချက်များကိုရရှိပြီးနောက် ဒီဇင်ဘာ ၃၀ ရက် ညနေပိုင်းက စတင်လည်ပတ်ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားစီးပွားရေးဆိုင်ရာဝန်ကြီးဌာနက ပြောကြားသည်။

ပြောကြား

အခြားနျူကလီးယားဓာတ်ပေါင်းဖို တစ်လုံးကိုလည်း ပုံမှန်လည်ပတ်မှုများ စတင်ရန်အတွက် မကြာမီအချိန်အတွင်း ဘေးအန္တရာယ်လုံခြုံရေးဆိုင်ရာ စစ်ဆေးမှုများ ပြီးဆုံးမည်ဟု မျှော်လင့်ထားကြောင်း အဆိုပါစစ်ဆေးရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ရှန်အွန်ဂျင်က ပြောကြားသည်။ **(ချန်နယ်နယူးစ်)**

တာတိုနှင့် တာလတ်ပစ်ဒုံးကျည်များ အီရန်စမ်းသပ်

တီဟီရန် ဇန်နဝါရီ ၁

အီရန်ရေတပ်က ဒီဇင်ဘာ ၃၁ ရက်က ပြုလုပ်ခဲ့သော ရေတပ်စစ်ရေးလေ့ကျင့်မှုတွင် တာတိုနှင့် တာလတ်ပစ်ဒုံးကျည်များကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့သလို တော်ပီဒိုများကိုလည်း အောင်မြင်စွာစမ်းသပ်ပစ်ခတ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ ဒုံးကျည်များနှင့် တော်ပီဒိုများကို အီရန်တောင်ပိုင်း ရေပိုင်နက်အတွင်း စစ်ရေးလေ့ကျင့်စဉ် စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ပရက်စ်တီဗွီက ဒီဇင်ဘာ ၃၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ယင်းဒုံးကျည်များသည် အီရန်ပြည်တွင်းဖြစ် ဒုံးကျည်များဖြစ်ပြီး မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များ ဖြစ်သည်ဟုဆိုသည်။ **(ဆင်ဟွာ)**

တူရကီအစိုးရနှင့် ပီကေကေလက်နက်ကိုင်အဖွဲ့ ငြိမ်းချမ်းရေးစတင်ဆွေးနွေးပြီဟုဆို

အင်ကာရာ ဇန်နဝါရီ ၁

တူရကီအစိုးရက အလုပ်သမားပါတီ(ပီကေကေ)ခေါင်းဆောင်များနှင့် ငြိမ်းချမ်းရေးစတင်ဆွေးနွေးပြီဖြစ်ကြောင်း တူရကီဝန်ကြီးချုပ် ရေးဆက်တေရစ်အာဒိုဂန်၏ အကြံပေးအရာရှိက ပြောကြားသည်ဟု ဇန်နဝါရီ ၁ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ တူရကီအစိုးရအနေဖြင့် ပီကေကေလက်နက်ကိုင်အဖွဲ့နှင့် ငြိမ်းချမ်းရေးစတင်ဆွေးနွေးရန် ဆုံးဖြတ်ထားပြီဖြစ်ကြောင်း တူရကီဝန်ကြီးချုပ်၏အကြံပေး ယာဆင်အက်ဒိုဂန်က ဒီဇင်ဘာ ၃၁ ရက်က တူရကီအင်န်တီဗွီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားလိုက်သည်။

တူရကီအစိုးရအနေဖြင့် ပီကေကေတို့အား အလုံးစုံလက်နက်စွန့်လွှတ်ရေးသည် အဓိကရည်ရွယ်ချက် ဖြစ်ကြောင်း၊ သို့သော် မည်သို့ရလဒ်အဖြေထွက်လာမည်ကို မပြောနိုင်သေးကြောင်း အက်ဒိုဂန်က ဆက်လက်ပြောကြားသည်။

ပီကေကေ တိုက်ခိုက်ရေးသမားများသည် အီရတ်နိုင်ငံ ကွမ်ဒီတောင်တန်းများမှ လာရောက်တိုက်ခိုက်လျက်ရှိသည်။ ယင်းဒေသတွင် ကာဒစ်စတန် ဒေသဆိုင်ရာ အစိုးရခေါင်းဆောင် မက်သောက်ဘာဇာနီ၏ ထိန်းချုပ်မှုအောက်တွင်ရှိသည်။ တူရကီအစိုးရတပ်များနှင့်ပီကေကေ တိုက်ခိုက်ရေးသမားများသည် မကြာသေးမီလများက အပြင်းအထန် တိုက်ခိုက်လာကြသည်။ **(ရိုက်တာ)**

တူရကီပီကေကေ လက်နက်ကိုင်များ။

နိုင်ငံတကာသတင်း

လွတ်လပ်ရေးခရီးကြမ်း လျှောက်လှမ်းကျော်လွှားခဲ့ရသည့် အရှေ့တီမော

၂၁ ရာစုနှစ်၏ ပထမဆုံး ကမ္ဘာ့နိုင်ငံသစ်ဖြစ်သည့် အရှေ့တီမောနိုင်ငံ၌တာဝန်ယူခဲ့သည့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းကို ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် တရားဝင်အဆုံးသတ်လိုက်ပြီဖြစ်သည်။ အရှေ့တီမောနိုင်ငံသည် ၂၀၀၂ ခုနှစ် မေလ ၂၀ရက်တွင် လွတ်လပ်ရေးရရှိခဲ့သည်။ အရှေ့တီမောနိုင်ငံ၏ လွတ်လပ်ရေးခရီးမှာရှည်လျားပြီး ဒုက္ခသုက္ခများနှင့်ပြည့်လျှံနေသည့်ခရီးကြမ်းဖြစ်သည်။

တိုး ရေးသားသည်

အရှေ့တီမောလုံခြုံရေးတပ်များက နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကို တာဝန်ယူလိုက်သည့် အောက်တိုဘာလကတည်းက ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုများကို အရှေ့တီမောနိုင်ငံမှ ရုပ်သိမ်းပေးခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၏ ၂၄ နှစ်ကြာ သိမ်းပိုက်မှုကို အဆုံးသတ်သွားစေသည့် ၁၉၉၉ ခုနှစ် အရှေ့တီမောပြည်သူ့ဆန္ဒခံယူပွဲကို ကုလသမဂ္ဂက ကြီးကြပ်စီစဉ်ပေးခြင်းဖြင့် အရှေ့တီမောနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ကုလသမဂ္ဂက အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ လူမှုရေးနှင့် နိုင်ငံရေးမတည်ငြိမ်မှုကို ဖြစ်ပေါ်စေသည့် မအောင်မြင်သော စစ်ဘက်အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် ၂၀၀၆ ခုနှစ်တွင် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်များ ပြန်ရောက်လာသည်။

ကြီးမားသော စိန်ခေါ်မှုများကို ကျော်လွှားရန် တီမောပြည်သူများနှင့် ခေါင်းဆောင်များက သူတို့၏ သူရသတ္တိကို ပြသပြီး မဆုတ်မနစ်သန္နိဋ္ဌာန် ချမှတ်ထားသည်ကို တွေ့ရကြောင်း၊ ရှေ့ဆက်လုပ်ရမည့်လုပ်ငန်းများစွာ ကျန်ရှိနေသေးသော်လည်း ယခုအခါ ရရှိပြီးသော တိုးတက်မှုကို အသိအမှတ်ပြုရသည့် သမိုင်းဝင်အချိန်အခါဖြစ်ကြောင်း၊ စိန်ခေါ်မှုများရှိနေဆဲဖြစ်သော်လည်း ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များ ရုပ်သိမ်းခြင်းမှာ ကုလသမဂ္ဂနှင့်အရှေ့တီမောအကြားတည်ရှိသည့် မိတ်ဖက်ဆက်ဆံမှုကို အဆုံးသတ်သည့် သဘောမဟုတ်ကြောင်း တီမောလက်စ်တေဆိုင်ရာ ကုလသမဂ္ဂစည်းလုံးရေးအဖွဲ့ ခေါင်းဆောင် ဖင်းရက်စကီနီယယ်ဆင်က ပြောကြားသည်။ အရှေ့တီမော လွတ်လပ်ရေးရသည်အထိ ကုလသမဂ္ဂက အရှေ့တီမောကို တိုက်ရိုက်အုပ်ချုပ်ခဲ့သည်။

အရှေ့တီမောတပ်ဖွဲ့ဝင်များအား ကုလသမဂ္ဂတပ်ဖွဲ့ဝင်များက လေ့ကျင့်သင်ကြားပေးနေစဉ်။

တကယ်တော့ အရှေ့တီမောနိုင်ငံ၏ လွတ်လပ်ရေးခရီးမှာ ရှည်လျားပြီး ဒုက္ခသုက္ခများစွာကြုံခဲ့ရသည့် ခရီးကြမ်းဖြစ်ရာ မျက်မှောက်ခေတ်၏ အဆိုးရွားဆုံးသော ရက်စက်ကြမ်းကြုတ်မှုများကို ဖြတ်သန်းခဲ့ရသည်။

၁၉၉၉ခုနှစ်တွင် ပြီးဆုံးသည့် အင်ဒိုနီးရှားနိုင်ငံ၏ ၂၅ နှစ်ကြာသိမ်းပိုက်အုပ်ချုပ်မှုအတွင်း အနည်းဆုံးတီမောပြည်သူ ၁၀၀၀၀၀ အသက်ဆုံးရှုံးခဲ့ရကြောင်း အရှေ့တီမောမှ ကုလသမဂ္ဂယာယီအုပ်ချုပ်ရေးအဖွဲ့၏ အစီရင်ခံစာ၌ ဖော်ပြရှိသည်။

ပေါ်တူဂီက တီမောကို ၁၆ရာစုနှစ်အတွင်းကနယ်ချဲ့ခဲ့သည်။တီမောအနောက်ပိုင်းကို နယ်သာလန်က ဝင်ရောက်ကာ ၁၉၁၆ခုနှစ်တွင် တီမောကို ခွဲခြမ်းယူလိုက်သည်။ တီမော၌ ပေါ်တူဂီက ရင်းနှီးမြှုပ်နှံမှု အလျင်းမပြုဘဲ ၁၉၇၅ ခုနှစ်တွင် တီမောမှ ရုပ်သိမ်းသွားသည်။

၁၉၇၅ နိုဝင် ဘာတွင် တီမောက လွတ်လပ်ရေး ကြေညာလိုက်သောအခါ ရက်ပိုင်းအတွင်းမှာပင် အရှေ့တီမောကို အင်ဒိုနီးရှားက ကျူးကျော်ဝင်ရောက်ပြီး ပြည်သူတို့၏ခုခံမှုကို အင်အားသုံး ဖြိုခွင်းသည်။

အရှေ့တီမောကိုအင်ဒိုနီးရှားအုပ်ချုပ်ခြင်းနှင့်ပတ်သက်၍ ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့်ဒေသတွင်း အင်အားကြီးနိုင်ငံများက တုံ့ပြန်ဟန့်တားမှု မရှိပေ။ သို့သော် ကုလသမဂ္ဂက လုံးဝအသိအမှတ်မပြုပေ။ လွတ်လပ်ရေးအတွက် ဖလင်တီပြောက်ကျားများက တိုက်ပွဲဝင်သည်။ ၁၉၉၁ ခုနှစ်တွင်မှ ကမ္ဘာက သတိပြု အာရုံစိုက်မိသည်။

၁၉၉၉ ခုနှစ်တွင် လွတ်လပ်ရေး ရယူရေး၊ မယူရေး အများစု၏ဆန္ဒအရ ဆောင်ရွက်ရာ ၂၀၀၂ ခုနှစ် မေလ ၂၀ ရက်တွင် အရှေ့တီမောနိုင်ငံ လွတ်လပ်ရေးရရှိသည်။

၂၀၀၂ ခုနှစ် စက်တင်ဘာလတွင် အရှေ့တီမောနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ ၁၉၁ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။ အရှေ့တီမောနိုင်ငံ ပြန်လည် တည်ဆောက်ရေးသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ အကြီးမားဆုံး အောင်မြင်မှုရရှိသည့်လုပ်ငန်းများအနက် တစ်ခုဖြစ်သည်။

အရှေ့တီမော ပြည်သူထောင်ပေါင်းများစွာ အိုးအိမ်စွန့်ခွာထွက်ပြေးစေသည့် အကြမ်းဖက်မှုများရှိနေသည့် ကြားမှပင် သြစတြေးလျနိုင်ငံဦးဆောင်သည့် နိုင်ငံတကာတည်ငြိမ်မှုထိန်းသိမ်းရေးတပ် (အိုင်အက်စ်အက်ဖ်)ကို အရှေ့တီမောနိုင်ငံ၌ ၂၀၀၆ ခုနှစ်တွင် ဖြန့်ကြက်ခဲ့သည်။ အိုင်အက်စ်အက်ဖ်တပ် ဖြန့်ကြက်မှုမှာ ခြောက်နှစ်တိုင်ကြာခဲ့သည်။

အရှေ့တီမော၌ နိုင်ငံတကာတည်ငြိမ်မှု ထိန်းသိမ်းရေးတပ် လုပ်ငန်းပြီးဆုံးမှု အထိမ်းအမှတ်အောင်ပွဲ ဒီလီမြို့၌ ကျင်းပရာ ယင်းသို့ အကူအညီပေးခဲ့ခြင်းအတွက် သြစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ကို ကျေးဇူးတင်ကြောင်း အရှေ့တီမောဝန်ကြီးချုပ် ဇာနာနာဂူစမာအိုက ပြောကြားလိုက်သည်။

ထို့ကြောင့် မိမိတို့အနာဂတ်ခရီးကို မျှော်လင့်ချက်အပြည့်ဖြင့် လျှောက်လှမ်းနိုင်ကြောင်း ၎င်းကထည့်သွင်းပြောဆိုသည်။

အရှေ့တီမောနိုင်ငံသည် အာရှမှ အဆင်းရဲဆုံးနိုင်ငံဖြစ်သည့်အတွက် နှစ်ပေါင်းများစွာ ပြည်ပအကူအညီအပေါ် မှီခိုနေရသည်ဟု ဆိုသော်လည်း တီမောပင်လယ်၌ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထွက်မည့် အလားအလာရှိသည်။ ထိုသဘာဝအရင်းအမြစ်များမှ ထုတ်ယူ သုံးစွဲရန် သြစတြေးလျနိုင်ငံနှင့် သဘောတူထားပြီးဖြစ်ပါကြောင်း။ ။

ဘီတဲလ်တို့ရဲ့ပထမဆုံး အယ်လ်ဘမ် ပေါင် ၁၂၀၀၀ နဲ့ လေလံတင်ရောင်းချ

ရှောခ်အင်ရိုးလ်ခေတ်ဦးက ကမ္ဘာကျော် ဂန္ထဝင်ရော့ခ်တီးဝိုင်းဖြစ်တဲ့ ဘီတဲလ်တို့ရဲ့ ပွဲဦးထွက်ရှားပါး အယ်လ်ဘမ်ကို လေလံဈေးပေါင် ၁၂၀၀၀ ဖြင့် ရောင်းချခဲ့ကြောင်း ဒီဇင်ဘာ ၃၁ ရက် ဘီဘီစီသတင်း၌ ဖော်ပြသည်။ ဘီတဲလ်အဖွဲ့သားများဖြစ်ကြသည့် ဂျွန်လင်နွန်၊ ပေါလ်မက္ကာနေး၊ ဂျော့ဟာရီဆန်နဲ့ ရင်ဂိုစတားတို့ လေးဦးစလုံးရဲ့ပထမဆုံး လက်ရာတေးသွားများပါဝင်တဲ့ Please Please me အယ်လ်ဘမ်ကို အင်္ဂလန်နိုင်ငံက ချာရစ်ကောလင်းနဲ့ လင်ချန်ဆာတို့ မောင်နှမနှစ်ဦးတို့က ဆုံးပါးသွားပြီဖြစ်တဲ့ သူတို့ဖခင်ဆီကရခဲ့တာပါ။သူတို့မောင်နှမနှစ်ဦးဟာ ပေါင် ၁၅၀၀၀ နဲ့ရောင်းချနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပြီး လေလံတင်ရောင်းချခဲ့တာပါ။ ဆက်ဆပ်မြို့တွင်း လေလံပွဲကျင်းပရာမှ အမည်မဖော်လိုသူတစ်ဦးက ပေါင် ၁၂၀၀၀ နဲ့ဝယ်ယူသွားခဲ့ခြင်းဖြစ်ပါတယ်။ကမ္ဘာတစ်ဝန်း လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့သော ဘီတဲလ်တို့ရဲ့ ပထမဆုံး အယ်လ်ဘမ် Please Please me ကို ၁၉၆၃ ခုနှစ် မတ်လအတွင်းက ဖြန့်ချိခဲ့တာပါ။ နောက်ပိုင်း သူတို့ရဲ့အောင်မြင်မှုက နှိုင်းယှဉ်လို့မရအောင်ဖြစ်ခဲ့ပါတယ်။

မောင်သံဆင့် - ရေးသားသည်

ဆင်းရဲသူများအားငွေကြေးထောက်ပံ့သည့်အစီအစဉ် အိန္ဒိယနိုင်ငံ ခရိုင် ၂၀ ၌ စတင်ပေးအပ်

အိန္ဒိယနိုင်ငံရှိ ဆင်းရဲနွမ်းပါးသူများအား ငွေကြေးထောက်ပံ့ရေးစီမံကိန်းကို ခရိုင် ၂၀ အတွင်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဇန်နဝါရီ ၁ ရက်က တာဝန်ရှိသူများ၏ ပြောကြားချက်ကိုကိုးကားလျက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ စီမံကိန်းသည် ကနဦးအနေဖြင့် လူပေါင်း ၂၀၀၀၀၀ ကျော်သာ အကျိုးသက်ရောက်စေနိုင်ကြောင်း၊ ၂၀၁၃ ခုနှစ်အကုန်တွင် တစ်နိုင်ငံလုံး အတိုင်းအတာအထိ လွှမ်းခြုံမိနိုင်ကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီး ပီချိုင်းဒမ်ဘာရမ်က ပြောကြားသည်။ ယင်းကဲ့သို့ဆောင်ရွက်ခြင်းသည် ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ အစိုးရက မဲဆွယ်ခြင်းဖြစ်သည်ဟု အတိုက်အခံပါတီများက စွပ်စွဲထားသည်။ အစိုးရက ယင်းစီမံကိန်းအတွက် အိန္ဒိယရူပီး ၃၂၀၀ ဘီလီယံ (အမေရိကန် ဒေါ်လာ ၅၈ ဘီလီယံ) သုံးစွဲသွားရန် စီစဉ်ထားသည်။

အဆိုပါ စီမံကိန်းအရ ဆင်းရဲနွမ်းပါးသူတိုင်းသည် တစ်နှစ်လျှင် ရူပီး ၃၀၀၀၀ (အမေရိကန်ဒေါ်လာ ၅၄၂ဒေါ်လာ) မှ ရူပီး ၄၀၀၀၀ (အမေရိကန်ဒေါ်လာ ၇၂၃ ဒေါ်လာ) အကြား ထောက်ပံ့ကြေးရရှိနိုင်သည်ဟု ဆိုသည်။

ကွန်ဂိုသူပုန်အဖွဲ့အား ကုလသမဂ္ဂ ပိတ်ဆို့အရေးယူ

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ အမ် ၂၃ သူပုန်ခေါင်းဆောင်များအား ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူပိတ်ဆို့မှုများပြုလုပ်ရန် ကြေညာလိုက်ကြောင်း ဇန်နဝါရီ ၁ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

အဆိုပါအရေးယူပိတ်ဆို့မှုသည် အဆိုပါသူပုန်အဖွဲ့ပိုင်ပစ္စည်းများကို ထိန်းချုပ်ထားရန်ဖြစ်သည်။ ရဝမ်ဒါရှိ ၎င်းတို့၏ မဟာမိတ်များပိုင်ပစ္စည်းများလည်း ထိန်းချုပ်ထားမည်ဖြစ်ကြောင်း သံတမန်များက အေအက်ဖ်ပီသတင်း ဌာနကပြောကြားသည်။

ယင်းသူပုန်အဖွဲ့သည် ပြီးခဲ့သောကာလက ရဝမ်ဒါနယ်စပ် ကွန်ဂိုအရှေ့ပိုင်းရှိ ဂိုမာမြို့ကို အစိုးရနှင့် ကုလသမဂ္ဂတပ်များထံမှ သိမ်းပိုက်ထားခဲ့သည်။ ကုလသမဂ္ဂနှင့် ကွန်ဂိုအစိုးရက ရဝမ်ဒါနှင့် ယူဂန္ဓာနိုင်ငံတို့အား သူပုန်အဖွဲ့ကို ကျောထောက်နောက်ခံပြုနေသူဟု စွပ်စွဲထားသည်။

ပါလက်စတိုင်း သိမ်းပိုက်နယ်မြေအတွင်း နေအိမ်ဆောက်လုပ်မှုကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ရှုတ်ချ

ပါလက်စတိုင်း သိမ်းပိုက်နယ်မြေအတွင်း အစ္စရေးတို့က အခြေချနေအိမ်များ ဆောက်သွားရန် နောက်ဆုံးစီစဉ်ခဲ့မှုအပေါ် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (နမ်)က ဝေဖန်ရှုတ်ချလိုက်ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဇန်နဝါရီ ၁ ရက်က ဖော်ပြထားသည်။

အဆိုပါအဖွဲ့က ဒီဇင်ဘာ ၃၁ ရက်တွင် နယူးယောက်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် နမ်အဖွဲ့က အစ္စရေးအားရှုတ်ချသည့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ အစ္စရေးတို့အနေဖြင့် ယင်းကဲ့သို့ပြုလုပ်ခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ကြောင်းလည်း နမ်အဖွဲ့၏ကြေညာချက်တွင် ဖော်ပြသည်။ အစ္စရေးတို့အနေဖြင့် တရားမဝင်နေအိမ်များဆောက်လုပ်ခြင်းကို တားမြစ်ပေးပါရန် အဖွဲ့ဝင်နိုင်ငံ ၁၂၀ ပါဝင်သော နမ်အဖွဲ့က တောင်းဆိုလိုက်သည်။ ထို့အပြင် အစ္စရေးနှင့် ပါလက်စတိုင်းတို့အား အရေးယူပိတ်ဆို့ထားမှုများကိုလည်း ရုပ်သိမ်းပေးရေး ဖိအားပေးရန် နမ်အဖွဲ့က ကုလသမဂ္ဂကို တိုက်တွန်းလိုက်သည်။

စက်မှုထိပ်သီးရှစ်နိုင်ငံဥက္ကဋ္ဌ ဗြိတိန်ဖြစ်လာရန်မျှော်လင့်

ဗြိတိန်နိုင်ငံက စက်မှုထိပ်သီးရှစ်နိုင်ငံ (ဂျီ-၈)ဥက္ကဋ္ဌဖြစ်လာရန်မျှော်လင့်ထားကြောင်း ဇန်နဝါရီ ၁ ရက်က ဘီဘီစီသတင်းတွင်ဖော်ပြသည်။ စက်မှုထိပ်သီးရှစ်နိုင်ငံ ဥက္ကဋ္ဌသည် အဖွဲ့ဝင်နိုင်ငံများ အလှည့်ကျဆောင်ရွက်ကြသည်။ ဥက္ကဋ္ဌတာဝန်ယူရသောနိုင်ငံသည် ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးပြီး ကမ္ဘာ့ဦးစားပေးကိစ္စများ ဆွေးနွေးကြရသည်။ ဇွန်လတွင် ထိပ်သီးအစည်းအဝေးကို ဗြိတိန်၌ကျင်းပသွားရန်စီစဉ်ထားသည်။

ဂျီ-၈အုပ်စုတွင် ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများဖြစ်သည့် ပြင်သစ်၊ အမေရိကန်၊ ရုရှား၊ ဂျပန်၊ ဂျာမနီ၊ အီတလီ၊ ကနေဒါနှင့် ဗြိတိန်တို့ပါဝင်သည်။

မြင့်မောင်စိုး - စုစည်းသည်

ဆောင်းပါး

ဒီမိုကရေစီနိုင်ငံသစ်နှင့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ

(ယမန်နေ့မှ အဆက်)

၂၀၁၂ ခုနှစ် ပုံရိပ်

ပထမဆုံး ကညင်ရေလှောင်တမံဖွင့်

ဇန်နဝါရီ ၁ ရက်က ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံကို ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံတော်အစိုးရသစ်လက်ထက် ပထမဆုံးဖွင့်လှစ်ခဲ့သော ရေလှောင်တမံဖြစ်သည်။ လယ်မြေဧက ၂၅၀၀၀ ကို ရေပေးဝေနိုင်သည်။

တတိယအကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ပြု

ဇန်နဝါရီ ၂ ရက်တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ်(၁/၂၀၁၂) ဖြင့် ပြစ်ဒဏ်ကျအကျဉ်းသားများအား တတိယအကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ရာ အကျဉ်းသား ၆၀၈၇ ဦး၊ အကျဉ်းသူ ၅၆၉ ဦးတို့ လွတ်ငြိမ်းချမ်းသာခွင့်ရရှိပြီး ပြစ်ဒဏ်ပြောင်းလဲခံစားခွင့်ရရှိသူ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၇၃၆၄ ဦးဖြစ်သည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပြင်ဆင်

ဇန်နဝါရီ ၅ ရက်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေများ ပြင်ဆင်သည့် နည်းဥပဒေ ထုတ်ပြန်သည်။

ငြိမ်းချမ်းရေးသဘောတူလက်မှတ်ထိုး

ဇန်နဝါရီ ၁၂ ရက်တွင် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU)ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ပဏာမ သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့သည်။ ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းရန် သမ္မတက ညွှန်ကြားခဲ့သည်။

၁၁ စင်းမြောက် ဧရာဝတီတံတား(စင်းခန်း)ဖွင့်

ဖေဖော်ဝါရီ ၄ ရက်တွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ပေ ၁၈၀ အထက် ၁၁ စင်းမြောက် ဧရာဝတီတံတား(စင်းခန်း)ဖွင့်ပွဲကျင်းပသည်။

မြန်မာနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်

ဖေဖော်ဝါရီ ၁၄ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်း

ရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နေပြည်တော်တွင် တွေ့ဆုံပြီး မြန်မာနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြသည်။

ကမ္ဘာ့ဘဏ်နှင့် လုပ်ငန်းများပြန်လည်ဆောင်ရွက်

ဖေဖော်ဝါရီ ၁၇ ရက်တွင် မြန်မာနိုင်ငံနှင့် ၂၅ နှစ်ကြာမျှ အဆက်အဆံပြတ်တောက်ခဲ့သည့် ကမ္ဘာ့ဘဏ်နှင့် ပြန်လည်ဆက်သွယ်ကာ လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

အာဆီယံအတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံဆွေးနွေး

ဖေဖော်ဝါရီ ၂၀ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နေပြည်တော်တွင် တွေ့ဆုံပြီး ဒေသတွင်း ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များ ဆွေးနွေးသည်။

သမ္မတ တာဝန်ထမ်းဆောင်မှု တစ်နှစ်ပြည့်မိန့်ခွန်းပြောကြား

မတ် ၁ ရက်တွင် သမ္မတဦးသိန်းစိန်သည် တာဝန်ထမ်းဆောင်မှု တစ်နှစ်ပြည့် အထိမ်းအမှတ်မိန့်ခွန်းကို ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး၌ ပြောကြားသည်။

ငြိမ်းချမ်းရေးသဘောတူညီချက် ထုတ်ပြန်

မတ် ၁၀ ရက်တွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KIO ဗဟိုကိုယ်စားလှယ်အဖွဲ့တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့တွင် ငြိမ်းချမ်းရေး သဘောတူညီချက် ထုတ်ပြန်သည်။

နိုင်ငံ့ဝန်ထမ်းများ အပိုထောက်ပံ့ကြေးခံစားခွင့်ပြု

မတ် ၁၅ ရက်တွင် နိုင်ငံ့ဝန်ထမ်းများအားလုံးအတွက် အပိုထောက်ပံ့ကြေးခံစားခွင့်ပြုကြောင်း နိုင်ငံတော်က ထုတ်ပြန်ကြေညာသည်။

တပ်မတော်သားများ၏ မိသားစုဝင်များအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေပြဋ္ဌာန်း

မတ် ၃၀ ရက်တွင် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော (သို့မဟုတ်) ကျဆုံးသော တပ်မတော်သားများ၏ မိသားစုဝင်များအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည်။

ကြားဖြတ်ရွေးကောက်ပွဲကျင်းပ

လစ်လပ်လျက်ရှိသည့် ပြည်သူ့လွှတ်တော် ၃၇ နေရာ၊ အမျိုးသားလွှတ်တော် ခြောက်နေရာ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် နှစ်နေရာ စုစုပေါင်းလွှတ်တော် ၄၅ နေရာအတွက် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ဧပြီ ၁ ရက် နံနက် ၆ နာရီမှစတင်၍ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပသည်။

ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

ဧပြီ ၇ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရအဖွဲ့သို့ ကမ်းလှမ်းလာသော ကရင်အမျိုးသား အစည်းအရုံး(KNU)နှင့် နိုင်ငံတော်အစိုးရအဖွဲ့မှ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့ ငြိမ်းချမ်းရေးဆက်လက်ဖော်ဆောင်ရေးကိစ္စ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

နိုင်ငံတော်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့ ပူးတွဲကြေညာချက်ထုတ်ပြန်

ဧပြီ ၂၆ ရက်တွင် ဂျပန်နိုင်ငံ နိုင်ငံတော်ဧည့်ဂေဟာရှိ HAGOROMO-NO-MA ခန်းမ၌ ကျင်းပသော စတုတ္ထအကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရိုရှိဟီကိုနိုဒတို့ ပူးတွဲကြေညာခဲ့သည့် သတင်းထုတ်ပြန်ချက်ကြေညာသည်။

ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပို့

ဧပြီ ၂၉ ရက်တွင် နိုင်ငံတော်သမ္မတက ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ နှစ်စဉ်ချီးမြှင့်ငွေ လျှော့ပေါ့ခံစားခြင်း၊ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများတိုးမြှင့်ပေးခြင်းနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကထံသဝဏ်လွှာပေးပို့ခဲ့သည်။

ကန့်သတ်ပိတ်ဆို့မှုများ ရပ်ဆိုင်း

မေ ၈ ရက်တွင် အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ငွေကြေးလွှဲပြောင်းပေးပို့မှု ကန့်သတ်ချက်အချို့အား လျှော့ပေါ့ပေးခြင်းနှင့်ပတ်သက်၍ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည့်နည်းတူ ကနေဒါနိုင်ငံကလည်း မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ကန့်သတ်ပိတ်ဆို့မှုအများစုအား ရပ်ဆိုင်းကြောင်းနှင့်စပ်လျဉ်း၍ စည်းမျဉ်းတစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဆိုက်ရောက်ဗီဇာထုတ်ပေး

ဇွန် ၁ ရက်တွင် ရန်ကုန်လေဆိပ်၌ ဆိုက်ရောက်ဗီဇာထုတ်ပေးခြင်းကို ၂၆ နိုင်ငံအား ခွင့်ပြုသည်။ ရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေသကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထင်သာမြင်သာရှိသည့် ပြယုဂ်တစ်ခုဖြစ်သည်။

တစ်သောင်းတန်ငွေစက္ကူထုတ်ဝေ

ဇွန် ၇ ရက်တွင် တစ်သောင်းတန် ငွေစက္ကူများကို ဇွန် ၁၅ ရက်၌ ထုတ်ဝေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ကြေညာသည်။

ရွှေချောင်းတံတားအမှတ်(၁)ဖွင့်

ဇွန် ၉ ရက်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တွင် ရွှေချောင်းတံတားအမှတ်(၁) ဖွင့်လှစ်သည်။

ငြိမ်းချမ်းရေးဖော်ဆောင်

ဇွန် ၁၂ ရက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် PDSG အဖွဲ့တို့တွေ့ဆုံရာ ထိုအဖွဲ့က နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများကို အပြည့်အဝထောက်ခံကြောင်း ပြောကြားသည်။

တားမြစ်ကန့်သတ်ချက်အများစုရုပ်သိမ်း

ဇွန် ၁၃ ရက်တွင် ILO မှ မြန်မာနိုင်ငံအပေါ် တားမြစ်ကန့်သတ်ချက်အများစုကို ရုပ်သိမ်း၍ မြန်မာနိုင်ငံသားများ EU နှင့် ကုန်သွယ်မှုပြုလုပ်ရေးတွင် အထူးအကျိုးခံစားခွင့်များ ရရှိလာနိုင်ကြောင်း အလုပ်သမားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ပြုပြင်ပြောင်းလဲရေးမိန့်ခွန်းပြောကြား

ဇွန် ၁၉ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ မိန့်ခွန်းပြောကြားသည်။

စီမံကိန်းကော်မရှင် ပထမအကြိမ်စည်းဝေး

စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စီမံကိန်းကော်မရှင် ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်၍ ပြည်သူများ၏ စားဝတ်နေရေး လိုအပ်ချက်နှင့် လူမှုစီးပွားရေးဘဝမြင့်မားရေးအတွက် စဉ်းစားပုံ၊ အတွေးအခေါ်နှင့် လုပ်နည်းလုပ်ဟန်များ ပြောင်းလဲတိုးတက်အောင် ကြိုးစားကြပါရန် မှာကြားသည်။

အကျိုးအမြတ်သေချာမည့် စီမံကိန်းလုပ်ငန်းများ ရွေးချယ်

ဇွန် ၂၀ ရက်တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နိုင်ငံခြားအကူအညီအထောက်အပံ့များ စီမံခန့်ခွဲရေးဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် နိုင်ငံနှင့်ပြည်သူအတွက် အကျိုးအမြတ်သေချာမည့် စီမံကိန်းလုပ်ငန်းများ ရွေးချယ်ပြီး ချေးငွေရရှိရေး ကြိုးပမ်းကြရန် မှာကြားသည်။

လူမှုရေးကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ညီလာခံဖွင့်

ဇွန် ၂၅ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လူမှုရေးကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ညီလာခံဖွင့်ပွဲ၌ အလုပ်သမားအခွင့်အရေးများ၊ တောင်သူလယ်သမားအခွင့်အရေးများ တိုးတက်ရရှိစေရန် ဥပဒေသစ်များ ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ခေတ်နှင့် မလျော်ညီသော ဥပဒေများကို ရုပ်သိမ်းခြင်းဆောင်ရွက်နေကြောင်း ပြောကြားသည်။

နိုင်ငံရေးပင်စင်လစာများ တိုးမြှင့်

ဇွန် ၃၀ ရက်တွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာဖြင့် အငြိမ်းစားဝန်ထမ်းများ၏ စားဝတ်နေရေးသက်သာမှုရှိစေရန်အတွက် နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများနှင့် နိုင်ငံရေးပင်စင်လစာများအား တိုးမြှင့်သတ်မှတ်ပေးခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

စာတည်းအဖွဲ့မှ စုစည်းတင်ပြသည်။

အမိနိုင်ငံတော် လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းတိုက်ပွဲဝင်ခဲ့

မြန်မာသွေးချင်းတို့ ပေါင်းစုနေထိုင်ရာ အမိနိုင်ငံတော်ကို နယ်ချဲ့ဗြိတိသျှတို့သည် ကျူးကျော်စစ်သုံးကြိမ်ဖြင့် မတရားသိမ်းပိုက် စိုးမိုးအုပ်ချုပ်ခဲ့သည်။ မြန်မာ့သွေးချင်းတိုင်းရင်းသားအပေါင်းသည် ကျူးကျော်သူနယ်ချဲ့ မိစ္ဆာတို့ကို အင်္ဂလိပ်-မြန်မာစစ်ပွဲ သုံးပွဲကာလများ၌လည်းကောင်း၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး ကာလတစ်လျှောက်၌လည်းကောင်း အတူတကွလက်တွဲပြီး အမိနိုင်ငံတော်၏လွတ်လပ်ရေးအတွက် ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်ခဲ့ကြသည်။ အမိနိုင်ငံတော် လွတ်လပ်ရေးအတွက် မိမိတို့၏အသက်၊ သွေး၊ ချွေးများကိုအရင်းအနှီးပြု၍ မြန်မာတိုင်းရင်းသားတို့က ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်ခဲ့ကြရာတွင် မြန်မာအမျိုးသားများနည်းတူ မျိုးချစ်မြန်မာအမျိုးသမီးတို့ကလည်း အမိနိုင်ငံတော်ကို ချစ်ကြည်မြတ်နိုးစိတ်ကြီးမားစွာဖြင့် မိမိတို့၏ အသက်ကိုပင် မငဲ့ကွက်ဘဲ အမိနိုင်ငံတော်၏ လွတ်လပ်ရေးအတွက် စွန့်စွန့်စားစားတိုက်ပွဲဝင်ခဲ့ကြသည်။

ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲကာလ ၁၈၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အထက်မြန်မာနိုင်ငံသို့ ထိုးဖောက်ရန် ချီတက်လာသော ကာနယ်မက်ဒူးဝေါလ် (Col. Mc. Dowall) ဦးဆောင်သည့် နယ်ချဲ့တပ်မဟာနှစ်ခုကို ပြည်မြို့၏ အရှေ့ဘက် ၁၆ မိုင်အကွာရှိ ဝက်ထီးကန်အရပ်၌ မြန်မာဗိုလ်ချုပ်မဟာနေမျိုးဦးဆောင်သော မြန်မာတပ်များနှင့် မောက်မယ်စော်ဘွား ဦးဆောင်သည့် ရှမ်းမျိုးချစ်တပ်ဖွဲ့များက ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်ခဲ့ကြရာ နယ်ချဲ့စစ်ကြောင်းမှူး ကာနယ်မက်ဒူးဝေါလ် အပါအဝင် နယ်ချဲ့အရာရှိငါးဦးနှင့် နယ်ချဲ့တပ်သားအများအပြား ကျဆုံးခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းဝင် ထိုဝက်ထီးကန်တိုက်ပွဲတွင် မောက်မယ်စော်ဘွားဦးဆောင်သော ရှမ်းမျိုးချစ်တပ်ဖွဲ့၌ အမျိုးသားစစ်သည်တော်များနည်းတူ ရှမ်းအမျိုးသမီးဗိုလ်မှူးသုံးဦးကလည်း မိမိတို့၏အသက်ကို မငဲ့ကွက်ဘဲ အမိနိုင်ငံတော်၏ လွတ်လပ်ရေးအတွက် စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်ခဲ့ကြသည်။

သမိုင်းဝင် ဝက်ထီးကန်တိုက်ပွဲတွင် အမိနိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့ကြသော ရှမ်းအမျိုးသမီးဗိုလ်မှူးသုံးဦးနှင့် ပတ်သက်၍ နယ်ချဲ့ဗြိတိသျှတပ်မှူး မေဂျာစနော့ဒ်ဂရတ်စ် (Major Snodgrass)က . . "ရှမ်းစစ်သည်တော်များကို ကွပ်ကဲလာသူတို့တွင် စော်ဘွားများ၊ မင်းသားများသာမက အမျိုးသမီးဗိုလ်မှူးသုံးဦးလည်း ပါဝင်လေသည်။ ထိုအမျိုးသမီးလူစွမ်းကောင်းသုံးဦးသည် စစ်ဝတ်တန်ဆာများကို ဝတ်ဆင်ကာ မြင်းများကို ရဲရဲဝံ့ဝံ့စီးနင်းရင်း စစ်သည်တော်များအား အားပေးစကားပြောကြားကြသည်။ ရှမ်းစစ်သည်တော်တို့သည် လမ်းမလျှောက်နိုင်၍ ထမ်းစင်ဖြင့်သွားလာရသော စော်ဘွားကြီးနှင့် သတ္တိပြောင်မြောက်စွာ ကွပ်ကဲလျက်ရှိသော အမျိုးသမီးဗိုလ်မှူးသုံးယောက်တို့ကြောင့် အားတက်ကာ မိမိတပ်များအား သဲသဲမဲမဲခုခံတိုက်ခိုက်ကြသည်။ ရှမ်းအမျိုးသမီးဗိုလ်မှူးတစ်ဦးမှာ ရင်ညွန့်တွင် သေနတ်ကျည်ထိမှန်ပြီး ကျဆုံးသွားသည်။ အခြားရှမ်းအမျိုးသမီးဗိုလ်မှူးတစ်ဦးမှာလည်း ဖုံးတစ်လုံး ခေါင်းပေါ်ကျပြီး ရေထဲလွင့်စဉ်ကျသွားသည်" . . . ဟူ၍ Narrative of The Barmese Wars စာအုပ်တွင် မှတ်တမ်းတင်ခဲ့သည်။

၁၈၈၉ ခုနှစ်တွင် တောင်ပေါ်ဒေသများကို သိမ်းပိုက်စိုးမိုးရန် ချီတက်လာသော နယ်ချဲ့ဗြိတိသျှတပ်များကိုလည်း ချင်းတောင်တန်းပေါ်၌ ချင်းမျိုးချစ်တော်လှန်ရေးတပ်ဖွဲ့များက ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်ခဲ့ကြရာ နယ်ချဲ့ဗြိတိသျှတို့ တုန်လှုပ်ချောက်ချားစွာဖြင့် ရင်ဆိုင်ခဲ့ရသည်။ ချင်းတောင်တန်းပေါ်မှ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများအနက် ထင်ရှားသော တိုက်ပွဲတစ်ခုမှာ ချင်းပြည်နယ် တာတန်ရှာ ရှယ်လုန်းခံတပ်၌ ၁၈၈၉ ခုနှစ် မေလ ၄ ရက်နေ့ကဖြစ်ပွားခဲ့သော နယ်ချဲ့ဗြိတိသျှဆန့်ကျင်ရေး ရှယ်လုန်းခံတပ်တိုက်ပွဲပင်ဖြစ်သည်။ ထိုတိုက်ပွဲ၏ ထူးခြားချက်မှာ အမိနိုင်ငံတော်လွတ်လပ်ရေးအတွက်ဟူသော မြင့်မားသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် မျိုးချစ်ချင်းအမျိုးသမီးများကိုယ်တိုင် လက်နက်စွဲကိုင်တိုက်ပွဲဝင်ခဲ့ကြခြင်းပင်ဖြစ်သည်။ ချင်းမျိုးချစ်တော်လှန်ရေးတပ်ဖွဲ့ ခေါင်းဆောင် ဗိုလ်လျှင်ကမ်း၏ ကွပ်ကဲဦးဆောင်မှုအောက်တွင် ချင်းအမျိုးသမီး တော်လှန်ရေးသမားတို့သည် နယ်ချဲ့ဗြိတိသျှတို့ကို ရဲဝံ့ပြောင်မြောက်စွာဖြင့် တိုက်ပွဲဝင်ခဲ့ကြရာ နယ်ချဲ့ဗြိတိသျှတို့ဘက်မှ ဗိုလ်မစ်ချယ် (Lt, Michel)အပါအဝင် ၂၇ ဦးကျဆုံးပြီး ဗိုလ်ကြီးမိုင်း (Capt, Myne)နှင့် စစ်မြေပြင် ဆရာဝန် ဒေါက်တာလီကွီစင် (Dr. Lequesne) အပါအဝင် နယ်ချဲ့တပ်ဖွဲ့ဝင်ကိုးဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြသည်။

ချင်းမျိုးချစ်တော်လှန်ရေးသမားတို့ဘက်မှလည်း ၂၇ ဦး ကျဆုံးခဲ့ရာ ရှစ်ဦးမှာ ချင်းအမျိုးသမီး ရဲရဲတောက် တော်လှန်ရေးမယ်များဖြစ်ကြသည်။ အမိနိုင်ငံတော်၏ လွတ်လပ်ရေးအတွက် နယ်ချဲ့ဗြိတိသျှတို့ကို ရဲဝံ့ပြောင်မြောက်စွာ တိုက်ပွဲဝင်ရင်း မွန်မြတ်စွာအသက်စွန့်လှူသွားခဲ့ကြသော ထိုချင်းအမျိုးသမီး ရှစ်ဦးမှာ လမ်းကြိုင်းမ်၊ ကွိုင်ဝုန်း၊ ဟွဲနမ်၊ ဝုန်နင်မ်၊ အွပ်ဟွဲ၊ နယန်ကြိုင်းမ်၊ ဒင်မ်ငြပ်နှင့် အမည်မသိတစ်ဦးတို့ ဖြစ်ကြသည်။ သွေးလွှမ်းခဲ့သော ထိုရှယ်လုန်းခံတပ်တိုက်ပွဲတွင် အမိနိုင်ငံတော်ကို ချစ်မြတ်နိုးကြကုန်သော မျိုးချစ်ချင်းအမျိုးသမီးတို့က ၎င်းတို့၏ စွေးစွေးနီသော သွေးစက်များ၊ တန်ဖိုးရှိသော အသက်ဇီဝိန်များဖြင့် အမိနိုင်ငံတော်လွတ်လပ်ရေးအတွက် နယ်ချဲ့ဗြိတိသျှတို့ကို အသက်ပေးတိုက်ပွဲဝင်သွားခဲ့ကြခြင်းပင်ဖြစ်သည်။

အမိနိုင်ငံတော် လွတ်လပ်ရေးအတွက် နယ်ချဲ့ဗြိတိသျှတို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြသော မြန်မာအမျိုးသမီးများအနက် ပင်းအတွင်းဝန် ဦးစံငြိမ်း၏သမီး ပင်းခင်ခင်သည်လည်း ထင်ရှားသူတစ်ဦးပင်ဖြစ်သည်။ ပင်းခင်ခင်သည် မန္တလေး၊ မိတ္ထီလာ၊ တောင်တွင်းကြီးနှင့် နတ်မောက်နယ်တစ်ဝိုက်တွင် ဦးလေးဖြစ်သူ နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် ရွှေဓားဗိုလ်ဦးမင်းပိုနှင့်အတူ နယ်ချဲ့တပ်များကို ပြင်းပြင်းထန်ထန် ခုခံတိုက်ပွဲဝင်ခဲ့သည်။ ပင်းခင်ခင် ဦးဆောင်ပါဝင်သော တိုက်ပွဲများကို နယ်ချဲ့တို့က အကျအဆုံးများစွာဖြင့် ရင်ဆိုင်ခဲ့ကြရသည်။ အမိနိုင်ငံတော်၏ လွတ်လပ်ရေးကို နယ်ချဲ့တို့ထံမှ အရယူလိုကြသော မြန်မာတိုင်းရင်းသူ အမျိုးသမီးတို့သည် မိမိတို့နှင့်နီးစပ်ရာ တော်လှန်ရေးတပ်ဖွဲ့များ၌ပါဝင်ကြပြီး နယ်ချဲ့ဗြိတိသျှတို့ကို လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ကြရာ ပုဂံဗိုလ်ချို၏ တော်လှန်ရေးတပ်ဖွဲ့၌လည်း မြန်မာတိုင်းရင်းသူ အမျိုးသမီးအများအပြား ပါဝင်ခဲ့သည်။ ထိုအမျိုးသမီးများ ပါဝင်သော တပ်ဖွဲ့ကို ပုဂံဗိုလ်ချို၏ဇနီးက ဦးဆောင်ပြီး စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့ကြပုံမှာ နယ်ချဲ့တပ်ဗိုလ် တပ်သားများကို ကြောက်ဒူးတုန်စေသည်အထိ ပြောင်မြောက်ခဲ့သည်။ ဗိုလ်ချိုတပ်ဖွဲ့မှ တိုင်းရင်းသူအမျိုးသမီးတို့၏ ဓားချက်အောက်တွင် နယ်ချဲ့တပ်ဖွဲ့ဝင်များစွာတို့ ဇီဝိန်ချုပ်ခဲ့ကြရသည်။

အမိနိုင်ငံတော် လွတ်လပ်ရေးအတွက် ကျူးကျော်သူနယ်ချဲ့တို့ကို တော်လှန်တိုက်ပွဲဝင်ရာတွင် လက်နက်စွဲကိုင် တော်လှန်တိုက်ခိုက်ကြသော မြန်မာအမျိုးသမီးများစွာ ပေါ်ပေါက်ခဲ့သလို နယ်ချဲ့တိုက်ပွဲဝင် တော်လှန်ရေးသမားများအတွက် အန္တရာယ်အသွယ်သွယ်ကို ရင်ဆိုင်ရင်း လက်နက်၊ ရိက္ခာ ဆက်သွယ်ပေးပို့ပေးခြင်း၊ တော်လှန်ရေးတပ်ဖွဲ့တစ်ခုနှင့်တစ်ခု အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်မှုရရှိစေရန်အတွက် ခြေမြန်ဆက်သားအဖြစ် စွန့်စွန့်စားစား ဆောင်ရွက်ပေးခြင်း၊ ရန်သူနယ်ချဲ့တပ်များ၏ လှုပ်ရှားမှုအား လျှို့ဝှက်ပိရိစွာ သတင်းထောက်လှမ်းပေး

ကျော်မင်းခေါင်

ခြင်းစသည်တို့ကို စွန့်စွန့်စားစား ဆောင်ရွက်ခဲ့ကြသော မြန်မာမျိုးချစ်သူရဲကောင်း အမျိုးသမီးများစွာတို့လည်း အမိနိုင်ငံတော်တစ်လွှားတွင် အမြောက်အမြားရှိခဲ့သည်။ ထိုသို့သော မြန်မာအမျိုးသမီးများစွာအနက် ထင်ရှားသူတစ်ဦးမှာ မုံရွာမှ ခင်လေးကြီးဆိုသူဖြစ်သည်။ ခင်လေးကြီးသည် လွတ်လပ်ရေးတိုက်ပွဲဝင် တော်လှန်ရေးတပ်ဖွဲ့များအတွက် ရိက္ခာ၊ လက်နက်သယ်ယူ ပို့ဆောင်ပေးခြင်း၊ ရန်သူနယ်ချဲ့ဗြိတိသျှတို့ ထိန်းချုပ်စိုးမိုးထားရာ နယ်မြေများသို့တိုင် စွန့်စားဝင်ရောက်ပြီး ရန်သူသတင်းထောက်လှမ်းပေးခြင်း၊ စာပေးစာယူဆက်သားလုပ်ပေးခြင်း စသည်တို့ကို မိမိ၏အသက်ကိုပင် ပဓာနမထားဘဲ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးစိတ်ထက်သန်စွာဖြင့် စွန့်စားဆောင်ရွက်ပေးခဲ့သူဖြစ်သည်။ ရန်သူနယ်ချဲ့ဗြိတိသျှတို့၏ ဖမ်းဆီးစစ်ကြောမှုကို ခံရသည့်တိုင် နယ်ချဲ့တို့ထံ ဒူးမထောက်လက်မမြှောက်ဘဲ အမိနိုင်ငံတော်အပေါ် သစ္စာစောင့်သိခဲ့သည်။ ခင်လေးကြီး၏ရဲဝံ့စွန့်စားသော ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မြန်မာပြည် ဝန်ရှင်တော်မင်းကြီးအဖြစ် ၁၈၈၇ခုနှစ်မှ ၁၈၉၀ ပြည့်နှစ်ထိ တာဝန်ထမ်းဆောင်သွားခဲ့သူ ဆာချားလ်ကရော့စ်ဝိတ် (Sir Charles Crosthwaite) ကိုယ်တိုင်က ၎င်း၏မြန်မာပြည်မှတ်တမ်းတွင် တလေးတစား မှတ်တမ်းတင်ထားခဲ့သည်။

မည်သို့ဆိုစေ. . . အမိနိုင်ငံတော်၏ လွတ်လပ်ရေးအတွက် နယ်ချဲ့မိစ္ဆာတို့ကို ခုခံတိုက်ခိုက်တိုက်ပွဲဝင်ခဲ့ကြရာတွင် အမိမြေကိုချစ်မြတ်နိုးသော၊ မြန်မာ့အမျိုးအနွယ်ကို တွယ်တာသံယောဇဉ်ကြီးမားသော မျိုးချစ်မြန်မာအမျိုးသမီးတို့သည်ကား သွေးခင်းသော မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၌ ဂုဏ်ယူလေးစားဖွယ် အထင်အရှားပင် ပေါ်ပေါက်ခဲ့သည်။

အမိနိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတစ်ကွေ့မှ မျိုးချစ်မြန်မာအမျိုးသမီးတို့က အမိနိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စား တာဝန်ကျေခဲ့ကြသလို. . . . . မျက်မှောက်ကာလ လွတ်လပ်သော အမိပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မြန်မာအမျိုးသမီးတို့သည်လည်း အရှိန်အဟုန်ဖြင့် ချီတက်နေသော အမိနိုင်ငံတော်သစ်၏ အနာဂတ်ခရီးတွင် ကျရာတာဝန်ကို ကျေပွန်နိုင်ကြပါစေဟု ဆန္ဒပြုရင်း. . . အမိနိုင်ငံတော်၏ လွတ်လပ်ရေးအတွက် စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်သွားခဲ့ကြသော မျိုးချစ်မြန်မာအမျိုးသမီးအပေါင်းအား (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါသည်။ ။

အမိနိုင်ငံတော် လွတ်လပ်ရေးအတွက် မိမိတို့၏ အသက်၊ သွေး၊ ချွေးများကို အရင်းအနှီးပြု၍ မြန်မာတိုင်းရင်းသားတို့က ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်ခဲ့ကြရာတွင် မြန်မာအမျိုးသားများနည်းတူ မျိုးချစ်မြန်မာအမျိုးသမီးတို့ကလည်း အမိနိုင်ငံတော်ကို ချစ်ကြည်မြတ်နိုးစိတ် ကြီးမားစွာဖြင့် မိမိတို့၏အသက်ကိုပင် မငဲ့ကွက်ဘဲ အမိနိုင်ငံတော်၏ လွတ်လပ်ရေးအတွက် စွန့်စွန့်စားစား တိုက်ပွဲဝင်ခဲ့ကြသည်။

ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်း (ကသာဇုန်) ဖွဲ့စည်း

ကသာ ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ပုလွေရွှေကျေးရွာအုပ်စု အင်းဒရန့်ကျေးရွာ၌ ဒီဇင်ဘာ ၂၀ ရက်က ယင်းကျေးရွာအုပ်စုအတွင်းရှိ ကြံစိုက်ပျိုးတောင်သူများနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီတို့ တွေ့ဆုံ၍ ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်း(ကသာဇုန်)ကို ဖွဲ့စည်းလိုက်သည်။

အဆိုပါအခမ်းအနားသို့ ကြံစိုက်တောင်သူပေါင်း ၅၂၇ ဦးတက်ရောက်ခဲ့ပြီး အသင်းဥက္ကဋ္ဌအဖြစ် ဦးဘိုးမောင်အားလည်းကောင်း အဖွဲ့ဝင် ၃၁ ဦးပါ အလုပ်အမှုဆောင်အဖွဲ့ကို လည်းကောင်း တောင်သူများ၏ မဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

အသင်းဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်၊ အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် နည်းလမ်းများကို တိုင်းဒေသကြီး မန်နေဂျာ ဦးအောင်မောင်းကလည်းကောင်း၊ ကြံအထွက်တိုး စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေးကို စက်မှုသီးနှံဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ကြံသီးနှံဌာန)မှ ဒေါ်မိုးမိုတင်ကလည်းကောင်း ပညာပေးဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး တိုင်းဒေသကြီး မန်နေဂျာ ဦးအောင်မောင်း၊ မြို့နယ်သမဦးစီးဌာနမှ ဦးအုန်းကြိုင်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးချီမောင်တို့ပါဝင်သော အဖွဲ့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ်သိန်း ၃၀ ကို ချေးယူပြီး ဆောင်ရွက်အောင်မြင်လျက်ရှိသော ကြံပွက်ရည်လုပ်ငန်း ဆောင်ရွက်နေသူ ဦးကျော်ခိုင်ဦး(ကျောက်ထုံးကြီးဒေသ)၏ လုပ်ငန်းခွင်သို့ သွားရောက်လေ့လာခဲ့ကြသည်။ **(အပေါ်ပုံ)**

ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ကုန်စည်ဒိုင်ဖွင့်လှစ်ရန်၊ စျေးကွက်ရှာဖွေရန်၊ ကြံစိုက်တောင်သူများစျေးနှုန်းမှန်ကန်စွာရရှိရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အသင်းကြီးပွားတိုးတက်ရေးနှင့် အောင်မြင်မှုရရှိရေးအတွက် အကြံဉာဏ်ကောင်းများ ပေးကြရန်နှင့် တောင်သူများတွေ့ကြုံရသည့် အခက်အခဲများကိုလည်း တင်ပြပေးကြရန် လိုအပ်ကြောင်း အသင်း၏ဥက္ကဋ္ဌသစ် ဦးဘိုးသောင်းက ကြံစိုက်ပျိုးတောင်သူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(ဦးချီမောင်)

ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းအဆင့် ကင်းထောက်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

ပညာရေးဝန်ကြီးဌာန အမှတ် (၃) အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းအဆင့် ကင်းထောက်သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၃၀ရက် နံနက် ၉နာရီခွဲတွင် လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စွမ်းအားခန်းမ၌ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ချိန်က အမှာစကားပြောကြားပြီး ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အခြေခံပညာကျောင်းများတွင် ကင်းထောက်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ သူတစ်ပါးအား စောင့်ကြည့်ခြင်း၊ စုံစမ်းခြင်း၊ အနိုင်ကျင့်ခြင်း ပြုလုပ်ရန် မဟုတ်ဘဲ သူတစ်ပါးအား ကူညီရန်၊ အဆင်သင့်ဖြစ်အောင်နေရန်၊ မျက်စိရှင်ရန်၊ စိတ်ပါလက်ပါ လက်တွဲလုပ်ကိုင်ရန်၊ လုပ်ငန်းတစ်ခုကိုစပြီးလျှင် ဆုံးအောင်လုပ်ကိုင်တတ်ရန်၊ ဝင့်ကြွားမာနမရှိရန်၊ ပါတီနိုင်ငံရေးတွင် ပါဝင်ရန်မဟုတ်ဘဲ ရပ်ကျိုး၊ ရွာကျိုး ဆောင်ရွက်တတ်ရန်၊ အသုံးဝင်သည့် လူတစ်ယောက်ဖြစ်ရန်နှင့် စံပြလူငယ်ဖြစ်အောင် ကြံစည်အားထုတ်ရန် စသည့် အချက်(၈)ချက်ကို ဖော်ဆောင်ရန်အတွက် ရည်ရွယ်ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်သစ်ကူးပွဲတော် မြန်မာနှင့် ထိုင်းနှစ်နိုင်ငံပြည်သူများအတူတကွဆင်နွှဲ

တာချီလိတ် ဇန်နဝါရီ ၁

မြန်မာနိုင်ငံရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံမြောက်ပိုင်း ချိန်းရိုင်းခရိုင်မယ်ဆိုင်မြို့တို့သည် နယ်နိမိတ်ချင်းထိစပ်နေသည့် ညီအစ်ကိုမြို့နှစ်မြို့ဖြစ်ရာ မြန်မာနိုင်ငံဘက်ခြမ်းနေတိုင်းရင်းသားများနှင့် ထိုင်းနိုင်ငံမှပြည်သူများ၊ ထိုင်းနိုင်ငံရောက် မြန်မာတိုင်းရင်းသားများ နှစ်သစ်ကူးပွဲတော်ကို အတူယှဉ်တွဲ ဆင်နွှဲနိုင်ရေးအတွက် နှစ်ဖက်တာဝန်ရှိသူများ၏ ပူးပေါင်းစီစဉ်မှုဖြင့် တာချီလိတ်မြို့နှင့်မယ်ဆိုင်မြို့တို့ကို ဆက်သွယ်ထားသည့် အမှတ် (၁)ချစ်ကြည်ရေး တံတားကို ဒီဇင်ဘာ ၃၁ ရက်နေ့က မူလသတ်မှတ်ချိန်မှ ကင်းလွတ်ခွင့်ပြုကာ ဇန်နဝါရီ ၁ရက် နံနက် ၂ နာရီအထိ ဖွင့်လှစ်ပေးထားပြီး နှစ်သစ်ကူးပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။ **မောင်ယဉ်ကျေး(တာချီလိတ်)**

အမြို့မြို့အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ပြည်တွင်းသတင်း

✲ *ကျောဖုံးမှ*

ရှိပါက အချင်းချင်းပူးပေါင်းဆောင်ရွက်ကြရန်လည်း လိုအပ်ကြောင်း၊ တစ်ဦးချင်းတာဝန်ယူမှု၊ စုပေါင်းတာဝန် ယူမှု၊ စုပေါင်းဆုံးဖြတ်မှုစသည့် ဒီမိုကရေစီဆန်သော အလေ့အထကောင်းများ အပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယခုလိုပြောကြားရခြင်းမှာ လွှတ်တော်အစည်းအဝေးရက်များ ကြာမြင့်နိုင်ပြီး အလုပ်များနိုင်၍ ဖြစ်ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေနှင့် အခွန်ဥပဒေများ ပြဋ္ဌာန်းရန်ရှိပါကြောင်း၊ SEZ နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေများအပါအဝင် အခြားအရေးကြီးသော ဥပဒေများလည်း ပြဋ္ဌာန်းရန်ရှိပါကြောင်း၊ ယင်းသို့ ပြဋ္ဌာန်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဌာနဆိုင်ရာများ၊ ပညာရှင်များ၊ စိတ်ဝင်စားသော နိုင်ငံသားများဥပဒေပြုရေးတွင် ပါဝင်နိုင်ရေးအတွက် ဆောင်ရွက်ရန်လိုပါကြောင်း၊ စီမံခန့်ခွဲရေး၊လုံခြုံရေးနှင့် အခြားကဏ္ဍများတွင် ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် လွှတ်တော်အစည်းအဝေးများကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လွှတ်တော်နှင့် စပ်လျဉ်းသည့်လုံခြုံရေးလုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က လွှတ်တော်ကျင်းပစဉ် ကာလအတွင်း သတင်းထုတ်ပြန် ဖော်ပြနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် ပြန်ကြားရေးလုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က တည်းခိုရေးနှင့် နေရာချထားရေးလုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသိန်းထွန်းက ဆက်သွယ်ရေး၊ အသံထိန်းစနစ်နှင့် ဆန္ဒမဲပေးစက် ခလုတ်ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြမည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် ဆောင်ရွက်ပေးသွားမည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ကျန်းမာရေးဆိုင်ရာ လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က အခမ်းအနားပြင်ဆင်ရေး လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ဧည့်ခံကျွေးမွေးရေးလုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လျှပ်စစ်ကဏ္ဍများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

✲ *ကျောဖုံးမှ*

ဇန်နဝါရီလကုန်တွင် အာကာသယာဉ်များလွှတ်တင်ရန် စီစဉ်လျက်ရှိသည်။

တစ်ဖန် အမေရိကန် အော်ဘီတယ်သိပ္ပံကော်ပိုရေးရှင်း၊ စပေ့ခ်ျဒရာဂွန် အာကာသကုမ္ပဏီတို့ကလည်း နာဆာနှင့် ပူးပေါင်းကာ အာကာသယာဉ်များ လွှတ်တင်စီစဉ်နေသည်။

လွှတ်တင်ရန်ပြင်ဆင်

ထို့အပြင် ကနေဒါ၊ ဂျပန်နှင့် အခြားအိန္ဒိယနိုင်ငံ အချို့ကလည်း ၂၀၁၃ ခုနှစ်အတွင်း အာကာသယာဉ်ခရီးစဉ်များလွှတ်တင်ရန် ပြင်ဆင်လျက်ရှိသည်။

အလီမွာ တာမှာရှိ

ရေထွက်ကုန်ပစ္စည်းများ ဈေးနှုန်းမှန်ကန်စွာရရှိစေရေးနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီထုတ်လုပ်နိုင်ရေး ကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၁

အသင်းအဖွဲ့များအနေဖြင့် လုပ်ငန်းများအလိုက်ဆောင်ရွက်ရာတွင် ထုတ်ကုန်များကို တန်ဖိုးမြင့်ထုတ်လုပ်လာနိုင်စေရေး၊ ဈေးကွက်တိုးချဲ့ ရှာဖွေနိုင်ရေးအတွက် အစုအဖွဲ့များ ဖွဲ့စည်းပြီး မိမိရေထွက်ကုန်ပစ္စည်းများ ဈေးနှုန်းမှန်ကန်စွာရရှိစေရေးနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ မွေးမြူရေးလုပ်ငန်းအနေဖြင့်လည်း တိုင်းရင်းငါးမျိုးများကို မပျောက်ပျက်အောင်ထိန်းသိမ်းပြီး မျိုးဖြန့်ဖြူးရေးကို ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံခြားအထောက်အပံ့အကူအညီများ ရယူဆောင်ရွက်ရာတွင် အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်းနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဦးဆောင်မှုအောက်တွင် ဖွဲ့စည်းထားသောလုပ်ငန်းအသင်းများအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် ရေတို၊ ရေရှည်စီမံကိန်းများရေးဆွဲပြီး ရိက္ခာဖူလုံရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီနှင့် မွန်းလွဲ ၁ နာရီတို့တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်ရှိ လုပ်ငန်းဆိုင်ရာအသင်းများနှင့် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ နှစ်ပတ်လည်အစည်းအဝေးအခမ်းအနားတွင် တိုက်တွန်းမှာကြားသည်။

နှစ်ပတ်လည်အစည်းအဝေးအခမ်းအနားကို နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ကဏန်းလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးရှဉ့်လုပ်ငန်းရှင်များ အသင်းတို့ကလည်းကောင်း၊ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါး၊ ပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း၊ မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်းနှင့် မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ အသင်းတို့ကလည်းကောင်း ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဈေးပတ်လမ်းများ ထပ်ပိုးနိုင်လွန်ကတ္တရာခင်း

အင်းတော် ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ စည်ပင်သာယာရေးမှ မြို့တွင်းရှိ ဈေးပတ်လမ်းများကို ထပ်ပိုးနိုင်လွန် ကတ္တရာခင်းကျင်းသည့် လုပ်ငန်းကို ဒီဇင်ဘာလအတွင်း စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်မှုရှိလာသည့်အတွက်ကြောင့် မြို့တွင်းရှိ ယာဉ်ကြီး၊ ယာဉ်ငယ်အသွယ်သွယ်နှင့် ခရီးသွားလာသူများအတွက် ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"မြို့တွင်းမှာ အခုလို မြို့နယ်စည်ပင်ကနေပြီး ထပ်ပိုးနိုင်လွန်ကတ္တရာလမ်းကို ခင်းထားတော့ ကျွန်တော်တို့အင်းတော်ဈေးပတ်လမ်းကနေ သွားလာတဲ့အခါမှာ လွယ်ကူမှုတွေရှိပါတယ်။ နောက်ပြီးတော့ ဆိုင်ကယ်နှင့် သွားလာသူတွေအတွက်လည်း ကောင်းတယ်။ ခြေကျင်သွားလာသူတွေအတွက် ကောကောင်းပါတယ်။ အရင်က လမ်းမကောင်းတုန်းကဆိုရင် ချိုင့်ခွက်တွေနေရာမှာ ဆိုင်ကယ်တွေ၊ စက်ဘီးတွေဟာ မကြာခဏဆိုသလို ချော်လဲတာမျိုးတွေရှိခဲ့ပါတယ်။ အခုလို လမ်းကောင်းတဲ့နေရာမှာတော့ ဆိုင်ကယ်တွေကော၊ စက်ဘီးတွေကော လဲစရာအကြောင်း မရှိတော့ပါဘူး။ နောက်ပြီးတော့ ကျောင်းသား ကျောင်းသူတွေအတွက်လည်း ကျောင်းတက်ချိန်နှင့် ကျောင်းဆင်းချိန်မှာ သွားလာရတာ အဆင်ပြေတာပေါ့" ဟု အင်းတော်မြို့ခံတစ်ဦးက ပြောကြားခဲ့သည်။

လေပွေနီ(အင်းတော်)

ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

နေပြည်တော် ဇန်နဝါရီ ၁

၁။ ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ကမ္ဘာတစ်ဝန်းတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။** ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအထိ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော နိုင်ငံပေါင်း ၆၃ နိုင်ငံရှိပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း အီဂျစ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ နီပေါနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း သိရှိရသည်။

(ခ) **လူသို့ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု။** ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံ ၁၅ နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ (H5N1) လူသို့ ကူးစက်မှု ၆၀၈ ဦးရှိပြီး ၃၅၉ ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ ဆောင်းရာသီတွင် မြန်မာနိုင်ငံသို့ ဆောင်းခိုငှက်များ လာရောက်လေ့ရှိပါသည်။ ဆောင်းခိုငှက်များသည် ကြက်ငှက်တုပ်ကွေးရောဂါပိုး သယ်ဆောင်လာတတ်ခြင်း၊ အိမ်နီးချင်းနိုင်ငံအချို့တွင် ရောဂါကျရောက်ဖြစ်ပွားမှု ရှိနေခြင်းတို့ကြောင့် ရောဂါကာကွယ်ရေးလုပ်ငန်းများ သတိပြုတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဆောင်းခိုငှက်များနှင့် အိမ်မွေး ကြက်၊ ဘဲ၊ ငုံးများ ဆက်စပ်ထိတွေ့မှုမရှိစေရေး ဂရုပြုဆောင်ရွက်ရန်။

(ခ) ကြက်၊ ဘဲ၊ ငုံးစသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်။

(ဂ) ကြက်ငှက်မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန်နှင့် ခြံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ရန်။

(ဃ) ကြက်ခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်။

(င) ကြက်ငှက် အသား၊ ဥ စသည်တို့ကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်။

(စ) ကြက်ငှက်များ ရုတ်တရက် သေဆုံးကြောင်းသိရှိရပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ ချက်ချင်းသတင်းပို့ရန်။

(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

မြောက်ဦးမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အရှေ့မြတန်ဆောင်းဘုရားမှ ဌာပနာဆင်းတုတော်များတွေ့ရှိ

နေပြည်တော် ဇန်နဝါရီ ၁

ရခိုင်ပြည်နယ် မြောက်ဦးဒေသရှိ အရှေ့မြတန်ဆောင်း အရံစေတီနှင့် ငွေထီးဆောင်းစေတီတို့အား အလှူရှင်များ၏လှူဒါန်းငွေဖြင့် ထိန်းသိမ်းပြုပြင်ရန် ပေါင်းမြက်များရှင်းပြီး ပြိုကျနေသောအုတ်များကို ဖယ်ရှား၍ အောက်ခြေပတ်လည် သဲခဲတူးဖော်မှုလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အရှေ့မြတန်ဆောင်း အရံစေတီ၏ အနောက်ဘက် အောက်ခြေမှ အမြင့် ၁ လက်မစီရှိသော မြောက်ဦးခေတ် ဌာပနာဘုရားအဆူ ၈၀ အားတွေ့ရှိခဲ့သည်။

အရှေ့မြတန်ဆောင်းအရံစေတီမှာ မြောက်ဦးနန်းတော်ကုန်း၏ မြောက်ဘက် မိုင်ဝက်ခန့်အကွာအဝေး၌ တည်ရှိပြီး အေဒီ ၁၄၃၀ ခုနှစ်တွင် ဘုရင်မင်းစောမွန် တည်ထားကိုးကွယ်ခဲ့သည့် မြောက်ဦး မြို့တည်ဘုရားများအနက် တစ်ဆူအပါအဝင်ဖြစ်သည်။ ဌာပနာဘုရားများမှာ ခဲဖြင့်သွန်းလုပ်ထားပြီး ဆင်းတုတော်များ၏ မုဒြာများမှာ ဘူမိဖဿမုဒြာများ ဖြစ်ကြသည်။ စေတီတစ်ခုလုံးမှာ ပြိုကျလျက်ရှိပြီး မူလပုံသဏ္ဌာန်အတိုင်း ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေတီအပေါ်ပိုင်းမှ ပြိုကျသောအုတ်များကို အောက်ခြေတွင် ဖယ်ရှားရှင်းလင်းစဉ် စေတီ၏အနောက်ဘက် ကပ်လျက် အုတ်ပုံများအကြားမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယခုအခါ မြောက်ဦးရှေးဟောင်းသုတေသန ပြတိုက်တွင် ခေတ္တသိမ်းဆည်းထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ် ၆၉ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင်မေးခွန်း(၂၁)ခုကို မေးမြန်းဖြေကြားခြင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း အတည်ပြုခြင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအရ အသုံးစာရင်းအစီရင်ခံစာကို ဆွေးနွေးမှတ်တမ်းတင်ခြင်း၊ တံတားဦးစီမံကိန်း၊ စက်မှုဥယျာဉ် မြို့စီမံကိန်းနှင့် ဧရာဝတီမြစ်ရေလွှမ်းမိုးမှု ကာကွယ်ရေးစီမံကိန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြပြီးအစည်းအဝေးပဉ္စမနေ့ကို ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၃ ခုနှစ်၊ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံးမျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊

၃။ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး၊ ရေရှည်တည်တံ့သည့် စစ်မှန်သောထာဝရငြိမ်းချမ်းရေး ရရှိအောင်ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

၄။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ အကျိုးစီးပွား ကောင်းမွန်သည်ထက်ကောင်းမွန်အောင် ဖော်ဆောင်ပေးရေး၊ ဆင်းရဲမှုနှုန်းလျော့နည်းကျဆင်းရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များ တိကျမှန်ကန်ဖြောင့်မတ်ရေးတို့အတွက် မဆုတ်မနစ် ကြိုးပမ်းဖော်ဆောင်ရေး။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် မောင်မယ်သစ်လွင် ကြိုဆို

နေပြည်တော် ဇန်နဝါရီ ၁

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်၍ နိုင်ငံ၏အသက်သွေးကြောသည် လယ်ယာကဏ္ဍပင်ဖြစ်ရာ အနာဂတ်တွင် နိုင်ငံ၏ အဓိကတာဝန်များကို ပခုံးပြောင်းထမ်းဆောင်နိုင်မည့် ပညာရှင်များဖြစ်အောင် အပတ်တကုတ် ကြိုးစားသင်ယူကြရန် လိုအပ်ပြီး သင်ယူကြရမည့် ဘာသာရပ်များအပေါ် စာတွေ့လက်တွေ့ တတ်မြောက်ကျွမ်းကျင်သည်အထိ ဥစ္စာရင်လို ဥစ္စာရင်ခဲကျားကုတ်ကျားခဲ ကြိုးစားလေ့ကျင့်သွားကြရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပသည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားတွင် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်တို့က ပြည်နယ်အသီးသီးမှ ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းတက်ရောက်နေကြသည့် တိုင်းရင်းသား ကျောင်းသားကျောင်းသူ ၆၄ ဦးအား စာရေးကိရိယာ

နှင့် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် တပ်ကုန်းမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနခြံသို့ သွားရောက်ပြီး ဖြစ်ထွန်းအောင်မြင်လျက်ရှိသော အစေ့ထုတ်ပြောင်း မျိုးသန့်မျိုးပွား မျိုးစေ့ထုတ်စိုက်ခင်းများ၊ မြေပဲနှင့် နေကြာသီးသန့်မျိုးစေ့ထုတ် စိုက်ကွင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ သမင်ကို တွေ့မြင်ရစဉ်။

❒ *ရှေ့ဖုံးမှ*

များ ချောင်ချိစွာ သဘာဝအတိုင်း နေထိုင်နိုင်အောင် တိရစ္ဆာန်ဥယျာဉ်ကို တိုးချဲ့မွမ်းမံခဲ့သည်။ အဆိုပါအင်္ဂလန်နိုင်ငံ၌တိရစ္ဆာန်ဥယျာဉ်များ တည်ထောင်သည်အထိ သိပ္ပံပညာရပ်ဆိုင်ရာ ဗဟုသုတရရှိမှုအပေါ် အခြေခံရှိခဲ့သည်မဟုတ်ဘဲ အထူးအဆန်း ကြည့်ရှုစရာအဖြစ်သာ သဘောထားခဲ့ကြသည်။

ကိုလိုနီခေတ်တွင် သစ်တောဌာနဖွဲ့စည်းတည်ထောင်ခြင်းနှင့်အတူ သားငှက်တိရစ္ဆာန်များ ကာကွယ်ရေးနှင့် စနစ်တကျစီမံအုပ်ချုပ်ရေးကို ဆောင်ရွက်ခဲ့ကြသည်။ ၁၈၇၉ ခုနှစ်တွင် ဆင်များထိန်းသိမ်းကာကွယ်ရေး အက်ဥပဒေကို ထုတ်ပြန်ကာကွယ်ခဲ့သည်။ ၁၉၀၂ ခုနှစ် မြန်မာ့သစ်တော အက်ဥပဒေတွင်လည်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ ပါဝင်ခဲ့သည်။ သစ်တောကြိုးဝိုင်းများနှင့် ကန့်သတ်နယ်မြေများအတွင်း တောရိုင်းတိရစ္ဆာန်များကို သစ်တောထွက်ပစ္စည်းအဖြစ် သတ်မှတ်၍တရားမဝင်အမဲလိုက်ခြင်းနှင့် ငါးဖမ်းခြင်းများကို တားမြစ်ကာကွယ်ခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် ပိတောင်ဘေးမဲ့တောကို မြန်မာနိုင်ငံ၏ ပထမဆုံးဘေးမဲ့တောအဖြစ် သတ်မှတ်၍ တောရိုင်းတိရစ္ဆာန်များကို ကာကွယ်ခဲ့သည်။

မြန်မာနိုင်ငံ၏ တိရစ္ဆာန်ဥယျာဉ်သမိုင်းကို ဖော်ပြရလျှင် ၁၈၈၂ ခုနှစ်၌ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ယခုဆေးရုံကြီးနေရာတွင် တောရိုင်းတိရစ္ဆာန်များကို ပြသခြင်းမှ စတင်ခဲ့သည်။ ၄င်းနေရာသည် ၄၂ ဒသမ ၀၂ ဧက ကျယ်ဝန်းပြီး ယခင်က "ဖယ်ရာပြတိုက်" ဖြစ်ပါသည်။ ၁၉၀၁ ခုနှစ်တွင် ဝိတိုရိယဘုရင်မကြီး၏ နန်းသက်(၂၅) နှစ်မြောက် အထိမ်းအမှတ်အဖြစ် တိရစ္ဆာန်ဥယျာဉ် ဆောက်လုပ်ရန်အတွက် ပြည်သူလူထုထံမှ ကောက်ခံရရှိငွေကျပ် နှစ်သိန်း လေးသောင်းဖြင့် ကန်တော်ကြီးအနီးရှိ မြေရိုင်း ၆၀ ဧကကို ရှင်းလင်း၍ တိရစ္ဆာန်ဥယျာဉ်တစ်ခုအဖြစ် စတင်ခဲ့ပါသည်။

တိရစ္ဆာန်ဥယျာဉ်များ တည်ထောင်ခြင်း၏ ရည်ရွယ်ချက်မှာ လူအများကြည့်ရှုရုံသက်သက်သာ တည်ထောင်ထားခြင်းမဟုတ်ချေ။ တိရစ္ဆာန်များကို လူအများစိတ်ဝင်စား၍ ချစ်ခင်စိတ်ဖြစ်ပေါ်လာစေရန်အတွက် လည်းကောင်း၊ သိပ္ပံပညာရှင်များ၊ သတ္တဗေဒပညာရှင်များအနေဖြင့် တိရစ္ဆာန်များကိုအနီးကပ်လေ့လာနိုင်ခြင်းအားဖြင့် တိရစ္ဆာန်များ၏ပြုမူပုံ၊ စားသောက်ပုံ၊ မည်သို့ကြီးပြင်းလာပုံအစရှိသည့် အရေးကြီးသော ဗဟုသုတများကို ရရှိစေရန်အတွက်လည်းကောင်း ရည်ရွယ်ခြင်းဖြစ်သည်။ အရေးပါသောသိပ္ပံဆိုင်ရာ တွေ့ရှိချက်များအနက်အချို့မှာ တိရစ္ဆာန်ဥယျာဉ်များရှိ တိရစ္ဆာန်များကို လေ့လာရာမှ ထွက်ရှိခဲ့ကြောင်း သိရှိရသည်။

ထို့ကြောင့် ယနေ့တိရစ္ဆာန်ဥယျာဉ်များသည် ရှေးယခင်ကကဲ့သို့ "တိရစ္ဆာန်ရုံ" အဆင့်တွင်သာမဟုတ်ဘဲ တိရစ္ဆာန်များအကြောင်းကို လေ့လာနိုင်သော သတ္တဗေဒဆိုင်ရာ၊ အထူးသဖြင့် တောရိုင်းတိရစ္ဆာန်နှင့် ပတ်သက်၍ ဘာသာဗေဒဆည်းပူးရာ ကျောင်းကြီးများသဖွယ်၊ ပြတိုက်ကြီးများသဖွယ်အဖြစ်သို့ ရောက်ရှိနေပြီဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း တိရစ္ဆာန်ဥယျာဉ်တစ်ခု တည်ထောင်ခြင်း၏ ရည်ရွယ်ချက်များတွင် အပန်းဖြေခြင်း၊ ပညာပေးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ သုတေသနလုပ်ငန်းအား အထောက်အကူဖြစ်စေခြင်း၊ သဘာဝကိုအခြေခံသော ခရီးသွားနေရာတစ်ခုဖြစ်စေခြင်းများ ပါဝင်ပါသည်။ အခြားသော အကျိုးကျေးဇူးတစ်ခုမှာ ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်တော့မည့် တိရစ္ဆာန်များကို မွေးမြူထိန်းသိမ်းထားနိုင်ခြင်းဖြစ်သည်။ တောရိုင်းတိရစ္ဆာန်မျိုးများ ကွယ်ပျောက်သွားပါက လူသားတို့အကျိုးအတွက် ကြီးမားသောထိခိုက်မှု သက်ရောက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၌ သဘာဝဖြစ်စဉ်မပျက် ထိန်းသိမ်းစောင့်ရှောက်သောနည်းလမ်း(In–Situ conserva-tion) ဖြစ်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ခြင်းနှင့် သဘာဝအတိုင်းနေထိုင်သော နေရာများ ပြင်ပ၌ ပြုစုထိန်းသိမ်းခြင်း (Ex - situ conservation) ဖြစ်သည့် တိရစ္ဆာန်ဥယျာဉ်၊ ငါးပြတိုက် စသည်တို့ တည်ထောင်ခြင်းတို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

၁၉၀၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဝိတိုရိယ ဘုရင်မပန်းခြံ (Victoria Memorial Park) ဟု ကမ္ပည်းတပ်ကာ ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၀၈ ခုနှစ်တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အက်ဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး အက်ဥပဒေအပိုဒ်(၂)အရ ဥယျာဉ်အမည်ကို ရန်ကုန် တိရစ္ဆာန်ဥယျာဉ်ဟု သတ်မှတ်ခဲ့ကြသည်။ ယခုအချိန်တွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဟုပြောင်းလဲသတ်မှတ်ခဲ့ပြီး မြန်မာနိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်များအနက် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)သည် ရှေးအကျဆုံးဖြစ်ပြီး ယခုအချိန်၌ နှစ်(၁၀၀)ကျော်ခဲ့ပြီဖြစ်သည်။ ထို့အတူ အရှေ့တောင်အာရှတွင် သက်တမ်းအရှည်ကြာဆုံးနှင့် တိရစ္ဆာန်မျိုးများစုံလင်လှသည်ဟု ထင်ရှားခဲ့သော တိရစ္ဆာန်ဥယျာဉ်ကြီး တစ်ခုဖြစ်သကဲ့သို့ မြန်မာလူမျိုးများ၏ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်တို့အပေါ်တွင် ထိန်းသိမ်းလိုစိတ်ကို ပြသသော ပြယုဂ်တစ်ခုလည်းဖြစ်ပေသည်။

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)အား တည်ထောင်စဉ်က ရန်ကုန်မြို့၏အနေအထားမှာ လူနေထူထပ်မှု မများသေးသဖြင့် ဆိတ်ငြိမ်သောနေရာတစ်ခု ဖြစ်ခဲ့ပါသည်။ ပတ်ဝန်းကျင်တွင်လည်း ကန်တော်ကြီးနှင့် သစ်ကြီး၊ ဝါးကြီးများ ပေါက်ရောက်သည့် နေရာများကြားတွင် တည်ရှိနေသဖြင့် တိတ်ဆိတ်အေးချမ်းသောနေရာ ဖြစ်ပါသည်။ ထို့ကြောင့် တိရစ္ဆာန်ဥယျာဉ်အတွက် အထူးသင့်လျော်သောနေရာတစ်ခု ဖြစ်ခဲ့ပါသည်။ ထိုအချိန်ကာလကို မဆိုထားနှင့် မိမိတို့ငယ်စဉ်၌ပင် တိရစ္ဆာန်ဥယျာဉ်ပတ်ဝန်းကျင်သည် ဆူညံရှုပ်ထွေးမှုမရှိဘဲ အေးချမ်းသော အပန်းဖြေနေရာတစ်ခုဖြစ်သည်ကို မြင်တွေ့ရပါသည်။ ယနေ့မျက်မှောက်အချိန်၌ ရန်ကုန်မြို့၏ လူဦးရေမှာ ခြောက်သန်းကျော်ရှိလာ၍ မြို့ပြ ချဲ့ထွင်လာမှု၊ လူဦးရေ ထူထပ်လာမှုတို့ကြောင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သည် စည်ကားရှုပ်ထွေးသော ရန်ကုန်မြို့လယ်အတွင်းသို့ ကျရောက်နေပြီဖြစ်ပါသည်။ တိရစ္ဆာန်ဥယျာဉ် ပတ်ပတ်လည်တွင် မြင့်မားသော တိုက်တာအဆောက်အအုံများ၊ ဈေးဆိုင်များ၊ နေ့ညမပြတ် စည်ကားနေသော စားသောက်ဆိုင်များဖြင့် ပြည့်နှက်နေသည်ကို မြင်တွေ့နေရပါသည်။ ထို့ကြောင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သည် စည်ကားသော လူနေရပ်ကွက်တစ်ခုအတွင်း၌ ကျရောက်နေသည်ဟု ဆိုနိုင်ပါသည်။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ အနေအထားမှာ ပတ်ဝန်းကျင်မှ အနှောင့်အယှက်များနှင့်ရင်ဆိုင်နေရသလို ထပ်မံချဲ့ထွင်ရန်နေရာမရှိတော့၍ ကျပ်တည်းနေကြောင်း တွေ့ရှိရသည်။ တစ်ခေတ်တစ်ခါကကဲ့သို့ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)သည် ပတ်ဝန်းကျင်ထိခိုက်မှုမရှိဘဲ တိရစ္ဆာန်များအတွက် နေရာကောင်းဖြစ်ကာ သွားလာရေးလွယ်ကူသည်ဆိုသောအချက်ကိုသာ လက်ကိုင်

ရှားပါး မျောက်မျိုးစိတ်ကို တွေ့မြင်ရစဉ်။

ပြု၍ စဉ်းစားရန်မသင့်တော့ပေ။ တိရစ္ဆာန်ဥယျာဉ်မှ စွန့်ထုတ်သည့် အညစ်အကြေး၊ အမှိုက်သရိုက်များ၊ တိရစ္ဆာန်တို့မှထွက်ရှိသည့် အနံ့အသက်များသည် ပတ်ဝန်းကျင်ရှိ လူတို့အတွက် ထိခိုက်နိုင်သလို ပတ်ဝန်းကျင်မှ ထွက်ရှိလာသော လေ၊ အသံ၊ အနံ့ စသည်များ၏ ညစ်ညမ်းမှုတို့ကြောင့် တိရစ္ဆာန်များ၏ကျန်းမာရေးကို ထိခိုက်လာနိုင်ပြီး သက်တမ်းစေ့နေနိုင်ရေးကို ထိခိုက်စေလျက်ရှိပါသည်။ လူအများနှင့် တိရစ္ဆာန်များသည် သက်ရှိများဖြစ်သည်နှင့်အညီ တစ်ဦး၌ဖြစ်သောရောဂါသည် အခြားတစ်ဦးသို့ လျင်မြန်စွာ ကူးစက်မည့် အန္တရာယ်လည်း စိုးရိမ်ဖွယ်ရှိပါသည်။ ထို့ကြောင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)အား လက်ရှိနေရာမှ ပိုမိုကျယ်ဝန်းပြီး လူနေထူထပ်သော ရပ်ကွက်နှင့်ဝေးသည့် နေရာသို့ ရွှေ့ပြောင်းတည်ထောင်နိုင်ရေးအတွက် စဉ်းစားသင့်ပါသည်။

တောရိုင်းတိရစ္ဆာန်များမှာ ၄င်းတို့၏ အရိုင်းသဘောသဘာဝအတိုင်း နေထိုင်ကျက်စားသော ဓလေ့ဖြစ်၍ ထိုအနေအထားနှင့် အနီးစပ်ဆုံး တူညီအောင် ဖန်တီးပေးနိုင်မှသာလျှင် ပင်ကိုအမူအကျင့်များ မပျောက်ကွယ်ဘဲ မျိုးပွားခြင်းနှင့် ရှင်သန်ခြင်းရှိမည်ဖြစ်သည်။ တောရိုင်းတိရစ္ဆာန်များအား ငွေကုန်ကြေးကျ အမြောက်အမြားရင်းနှီးပြီး မြို့ပြများ၌ တကူးတကစုဆောင်းပြသခြင်းမှာလည်း တောရိုင်းတိရစ္ဆာန်များကို ၄င်းတို့၏ မူလသဘာဝအမူအကျင့်အတိုင်း လေ့လာသိရှိ ဗဟုသုတရစေရန် ဖြစ်ပါသည်။ သို့မှသာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ်သဘောတရားများကို နားလည်သိရှိနိုင်ရန် အထောက်အပံ့ကောင်း ဖြစ်နိုင်ပါမည်။ ထို့အပြင် ရှားပါးတိရစ္ဆာန်နှင့် မျိုးသုဉ်းပျောက်ကွယ်တော့မည့် တိရစ္ဆာန်များကို မျိုးဆက်ထိန်းသိမ်း မျိုးပွားစေရာတွင်လည်း အဆိုပါ တိရစ္ဆာန်များအား သဘာဝကျကျထားရှိပြီး ပင်ကိုအမူအကျင့်များ ရှိနေမှသာလျှင် ထိရောက်မှုရှိနိုင်ပါမည်။ သို့မဟုတ်ဘဲလှောင်အိမ်ထဲတွင် ထားရှိခြင်း၊ လွတ်လပ်မှုနည်းပါးသော နေရာဒေသတွင် ထားရှိခြင်းတို့သည် တိရစ္ဆာန်ဥယျာဉ်၏ ရည်ရွယ်ချက်ကို သွေဖည်စေနိုင်ပြီး တိရစ္ဆာန်များ၏ ရှင်သန်နေထိုင်မှုကိုလည်း ထိခိုက်စေပါသည်။ မျက်မှောက်ခေတ်တွင် တိရစ္ဆာန်ဥယျာဉ်များ၌ တိရစ္ဆာန်များကို လှောင်အိမ်စနစ်တို့ဖြင့် မထားတော့ဘဲ သဘာဝအတိုင်း တတ်နိုင်သမျှ အနီးစပ်ဆုံးဖြစ်အောင် ထားလာကြပြီး ကြင်နာရွေးထွေးမှုပေး၍ စောင့်ရှောက်လာကြပါသည်။

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)တွင် လက်ရှိအချိန်၌ နို့တိုက်သတ္တဝါ ၄၆ မျိုး ၄၆၃ ကောင်၊ ကျေးငှက်သတ္တဝါ ၆၈ မျိုး ၄၇၅ ကောင်၊ တွားသွားသတ္တဝါ ၁၈ မျိုး ၁၈၆ ကောင်တို့အား ထိန်းသိမ်းပြသထားကြောင်း သိရှိရသည်။ ထပ်မံ၍လည်း အခြားတိရစ္ဆာန် ဥယျာဉ်များနည်းတူ ရှားပါးတိရစ္ဆာန်များ ထပ်မံဖြည့်ပေးခြင်း၊ ခေတ်မီအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ အခြားအပန်းဖြေစရာ အစီအစဉ်များထည့်သွင်းခြင်းတို့ ဆောင်ရွက်ရန်အတွက် နေရာခက်ခဲမှုရှိနေကြောင်း တွေ့နိုင်ပါသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ မူလအနေအထားမှာ တိရစ္ဆာန်ဥယျာဉ်တစ်ခုသက်သက်သာမဟုတ်ဘဲ ရုက္ခဗေဒဘာသာရပ် စိတ်ဝင်စားသူများအတွက်လည်း ရုက္ခဗေဒဥယျာဉ်သဖွယ် နေရာတစ်ခုလည်း ဖြစ်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ခံရပြီးနောက် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)အတွင်းရှိ သစ်ပင်ကြီးများ ကျိုးကျပျက်စီးခဲ့ရ၍ ယနေ့အချိန်၌ အရိပ်အာဝါသနည်းပါးလာသည်ကိုလည်း တွေ့မြင်နေရပါသည်။ ထို့ကြောင့် အပန်းလည်းဖြေ ဗဟုသုတလည်း ရှာမှီးရာဖြစ်သော တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)အား နိုင်ငံတကာအဆင့်မီဥယျာဉ်တစ်ခုအဖြစ်သို့ ပြန်လည်ရောက်ရှိစေရေး၊ သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာ လေ့လာဆည်းပူးရာ ပညာရပ် ဘဏ်တိုက်သဖွယ် တည်ထောင်နိုင်ရေး၊ လူနှင့်တိရစ္ဆာန်တို့နီးကပ်စွာထားရှိမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်တားဆီးနိုင်ရန်အတွက် တိရစ္ဆာန်ဥယျာဉ်အား ယခုထက် ပိုမိုကျယ်ဝန်းပြီး တိရစ္ဆာန်များ၏ကျန်းမာရေးနှင့် သဘာဝအခြေအနေများအတိုင်း တည်ရှိမည့် နေရာများသို့ ပြောင်းရွှေ့ထားရှိနိုင်ပါက ပိုမိုသင့်လျော်မည်ဟု ယူဆပါကြောင်း အကြံပြုရေးသား တင်ပြလိုက်ရပါသည်။

ဈေးကွက်နှင့်စီးပွားရေးသတင်း

အခြေခံမီးဖိုချောင်သုံး စားကုန် ဈေးနှုန်း ၂၀၁၂ တစ်နှစ်လုံး ဈေးနှုန်းသက်သာမှုရှိ

ရန်ကုန် ဇန်နဝါရီ ၁

၂၀၁၂ တစ်နှစ်လုံး စာရင်းချုပ်ကြည့်လျှင် အခြေခံမီးဖိုချောင်သုံးစားကုန် အများစု ဈေးနှုန်းများ သက်သာမှုရှိရာ စားသုံးသူများ ကုန်ဈေးနှုန်း သက်သာမှုရှိခဲ့ကြောင်း သိရသည်။

ဈေးမြင့်လာ

၂၀၁၂ နှစ်ဦး ဇန်နဝါရီလ ၂ ရက်တွင် ဆိပ်ဖြူ ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၁၅၀၊ ၃၀၀၊၄၀၀၊ ၅၅၀ နှုန်း၊ မြစ်သား ငွေကျပ်၂၅၀၊ ၅၂၅၊ ၅၇၅၊ ၆၇၅နှုန်းဖြင့် စတင်ခဲ့ပြီး နှစ်ကုန်ဒီဇင်ဘာ ၃၁ ရက်တွင် ဆိပ်ဖြူအသစ် တစ်ပိဿာ ငွေကျပ် ၄၅၀၊ ၇၅၀၊ ၈၅၀၊ ၉၅၀ နှုန်း၊ မြစ်သား အသစ် ငွေကျပ် ၈၀၀၊ ၁၀၅၀၊ ၁၂၅၀ဖြင့် နှစ်ချုပ်ခဲ့သည်။ ဇန်နဝါရီလမှ မေလအထိ ကြက်သွန်နီ ဈေးနှုန်းများ ထိပ်စရှယ် အမျိုးအစားများ ကျပ် ၅၀၀ အောက်တွင်သာရှိပြီး မေလနောက်ဆုံးပတ်မှ စ၍ ဈေးတက်လာ၍ ရှယ်တစ်ပိဿာ ငွေကျပ် ၅၀၀ ကျော်၊ ဇွန်၊ ဇူလိုင်တွင် ငွေကျပ် ၆၅၀ ဩဂုတ်တွင် ငွေကျပ် ၈၀၀ ဝန်းကျင်သို့ ဈေးမြင့်လာခဲ့သည်။ အောက်တိုဘာ ဒုတိယပတ်တွင် တစ်ပိဿာ ငွေကျပ်၉၀၀ နှုန်း၊ နိုဝင်ဘာ ၁ ရက်မှစ၍ ငွေကျပ် ၁၀၀၀ နှုန်းမြင့်တက်လာပြီးနောက် ဆက်လက် ဈေးတက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် ကျပ် ၁၈၅၀ နှုန်းအထိ မြင့်တက်ခဲ့ပြီး ပြန်လည် ကျဆင်းလာခဲ့သည်။

မတ်လတစ်လတည်းတွင် ဒိုင်ဖွင့်ရက် ၂၄ ရက်တွင် ဈေးကွက်တွင်းသို့ ကြက်သွန်နီပိဿာချိန် ၆၇ သိန်းဝန်းကျင် ဝင်ရောက်ပြီး မတ်လ ၂၆ ရက် တစ်ရက်တည်းမှာပင် ကြက်သွန်နီ ပိဿာချိန် ၅၈၈၀၀၀ ဝင်ရောက်ခဲ့သည်ဟု သိရသည်။ ၂၀၁၂ ခုနှစ်အတွင်း နောက်ဆုံးသုံးလတာကာလတွင်သာ ကြက်သွန်နီ ဈေးမြင့်ပြီး ကျန်ကိုးလတွင် ပုံမှန်ဈေးနှုန်းသာရှိကြောင်း သိရသည်။ ၂၀၁၂ နွေ ကြက်သွန်နီစိုက်ပျိုးသူများထက် မိုး ကြက်သွန်နီ စိုက်ပျိုးသူများ အကျိုးအမြတ် ခံစားရမှုများ များစွာရှိပြီး ကြက်သွန်နီ လှောင်လက်များ၊ အမြတ်အစွန်းများစွာ ရသော နှစ်ဖြစ်သည်ဟု သိရသည်။

ရှမ်းကြက်သွန်ဖြူမှာ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် တစ်ပိဿာ ငွေကျပ် ၁၁၀၀၊ ၁၂၀၀၊ ၁၄၀၀၊ ၁၆၀၀၊ ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၁၀၅၀-၁၁၀၀ နှုန်းဖြင့် နှစ်သစ်ဈေးစဖွင့်ပြီးနှစ်ကုန် ဒီဇင်ဘာ ၃၁ ရက်တွင် ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၄၅၀၊ ၅၅၀၊ ၇၅၀၊ ၉၅၀ နှုန်း၊ ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၁၈၀၀၊ ၁၈၅၀ဖြင့် ဈေးပိတ်ခဲ့သည်။ မေလမှစ၍ရှမ်းကြက်သွန်ဖြူများ ထိပ်စ တစ်ပိဿာ ငွေကျပ် ၁၀၀၀ ဝန်းကျင်ရှိရာ နှစ်ကုန်ထိ ထူးခြားစွာ ဈေးမြင့်တက်လာခြင်းမရှိဘဲ ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း ငွေကျပ် ၂၇၅၊ ၃၇၅၊ ၅၇၅၊ ၈၇၅ နှုန်းသို့ ဈေးကျလာရာ ရှမ်းကြက်သွန်ဖြူလှောင်လက်များ ယခုနှစ်တွင် အမြတ်အစွန်းနည်းသည်ဟု သိရသည်။ ၂၀၁၁ နှစ်ဦးပိုင်းတွင် ရှမ်းကြက်သွန်ဖြူ ထိပ်စ တစ်ပိဿာ ငွေကျပ် ၄၈၀၀ အထိမြင့်တက်ခဲ့သည်။

ကြူကုတ်ကြက်သွန်ဖြူမှာမူ အသစ်ပေါ်ထွက်ချိန် မေလကုန်တွင် ၂၂၀၀၊ ၂၃၀၀၊ ဇွန်လ ၆ ရက်တွင် ငွေကျပ် ၂၈၀၀ အထိ ဈေးမြင့်ပြီး ဩဂုတ်လကုန်မှ အောက်တိုဘာလခန့်အထိ ထိပ်စ တစ်ပိဿာ ငွေကျပ် ၁၅၀၀ ဝန်းကျင်သာရှိရာမှ ရွှေ့လျားစစ်ဆေးရေးအကြောင်းပြု၍ အောက်တိုဘာလလယ်မှ ဈေးစတက်ရာ နိုဝင်ဘာလဆန်းတွင် ငွေကျပ် ၂၃၀၀ အထိ ဈေးမြင့်ပြီး ဒီဇင်ဘာလလယ်တွင် ငွေကျပ် ၁၅၀၀ ဝန်းကျင်သို့ ဈေးပြန်ကျပြီး နှစ်ကုန်တွင် ဈေးပြန်တက်လာခြင်း ဖြစ်သည်ဟု သိရသည်။ ၂၀၁၀ ခုနှစ်ကုန် ကြူကုတ် တစ်ပိဿာငွေကျပ် ၃၉၀၀ အထိ ဈေးနှုန်းအမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။

၂၀၁၂ ဇန်နဝါရီလ ၂ ရက်တွင် အောင်ပန်းအာလူး တစ်ပိဿာ ငွေကျပ် ၅၈၀၊ ၆၇၀၊ ၇၁၀ နှုန်းဖြင့် ဈေးစဖွင့်ပြီး ဒီဇင်ဘာ ၃၁ ရက်တွင် ငွေကျပ် ၄၄၀၊ ၄၈၀၊ ၄၈၀ နှုန်းဖြင့် ဈေးပိတ်ခဲ့သည်။ ဧပြီလအတွင်း အာလူး ထိပ်စ အလုံးကြီး တစ်ပိဿာ ငွေကျပ် ၈၀၀၊ ဇူလိုင်လဆန်းတွင် ငွေကျပ် ၉၀၀ နှုန်း အထိရှိခဲ့သော်လည်း နွေကာလ ဆင်ဖြူကျွန်း အာလူး တစ်ပိဿာ ငွေကျပ် ၂၀၀ မှ ၅၅၀ အတွင်းသာရှိပြီး ကျန်သောလများတွင် ထိပ်စ ငွေကျပ် ၈၀၀ အောက်တွင်သာရှိသည်။ ၂၀၁၂ မတိုင်ခင်နှစ်များတွင် အာလူး တစ်ပိဿာ ငွေကျပ် ၁၃၀၀ နှုန်းအထိ ဈေးမြင့်တက်ခဲ့သည်။

၂၀၁၂ ဇန်နဝါရီလ ၂ ရက်တွင် စားအုန်းဆီ တစ်ပိဿာလျှင် cp 8 ၁၇၀၅ ကျပ်၊ cp 10 ၁၆၉၀ ကျပ်နှုန်းဖြင့် ဈေးနှုန်းစဖွင့်သော်လည်း ဒီဇင်ဘာ ၃၁ ရက်တွင် စားအုန်းဆီ တစ်ပိဿာငွေကျပ်၁၃၇၅ ဖြင့် နှစ်ချုပ်ပိတ်ခဲ့သည်။ မတ်လကုန်ပိုင်းတွင် တစ်ပိဿာလျှင် နှစ်ထောင်ဝန်းကျင်သို့ ဈေးမြင့်ခဲ့သော်လည်း နှစ်ကုန်အထိ ယင်းဈေးနှုန်းအောက်သာ ငါးရာကျပ် ဝန်းကျင် ဈေးနိမ့်နေသည်။ ဩဂုတ်လကုန်အထိ တစ်ပိဿာ ငွေကျပ် ၁၇၀၀ ဝန်းကျင်၊ စက်တင်ဘာ ၂၁ ရက်တွင် တစ်ပိဿာ ငွေကျပ် ၁၆၀၀ ရှိရာမှ နှစ်ကုန်ပိုင်းတွင် ငွေကျပ် ၁၂၇၅ အထိ ဈေးကျခဲ့ရာ စားအုန်းဆီ တင်သွင်းသူများ၊ ကြိုတင်ဝယ်ယူသူများ အရှုံးပေါ်ခဲ့သည်ဟု သိရသည်။ ၂၀၁၁ မေလအတွင်း စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၂၉၀၀ အထိ ဈေးမြင့်တက်ခဲ့သည်။

၂၀၁၂ ဇန်နဝါရီလ ၂ ရက်တွင် မိုးထောင်ငရုတ်တစ်ပိဿာ ငွေကျပ် ၂၅၅၀၊ ၂၆၀၀ နှုန်း၊ ဝါးခယ်မ ငရုတ်ရှည်တစ်ပိဿာ ငွေကျပ် ၃၀၀၀၊ ၃၁၀၀ နှုန်း၊ ဆင်ဖြူကျွန်း ငရုတ် (အသစ်) တစ်ပိဿာ ငွေကျပ် ၆၅၀၀ နှုန်းရှိသော်လည်း ဒီဇင်ဘာ ၃၁ ရက်တွင် မိုးထောင်ငရုတ် တစ်ပိဿာ ငွေကျပ် ၁၆၇၅၊ ၁၈၅၀၊ ဝါးခယ်မ ငရုတ်ရှည် ၂၂၅၀၊ ၂၃၀၀၊ ဆင်ဖြူကျွန်း ငရုတ်ပွ (အသစ်) တစ်ပိဿာ ငွေကျပ် ၄၂၀၀၊ ၄၄၀၀ နှုန်းသို့ နှစ်ချုပ်ဈေးနှုန်း ကျနေသည်။ ငရုတ်လောကတွင် ခြောက် ပိဿာဝင်အိတ်သေးများဖြင့် ပြည်ပမှ ဝင်ရောက်လာသော ပြည်ပငရုတ်များသည် အရည်အသွေးမြင့်သဖြင့် ပြည်တွင်း ငရုတ်ဈေးနှုန်းထက် တစ်ပိဿာငွေကျပ် ၄၀၀ ဝန်းကျင်ဈေးမြင့်နေသည်ဟု သိရသည်။

၂၀၁၂ ခုနှစ်တွင်း အခြေခံစားဖိုဆောင်သုံး သီးနှံအများစုဈေးနှုန်းများ ယခင်နှစ်များကဲ့သို့ စံချိန်တင်မြင့်တက်ရောက်ရှိခြင်းမရှိသဖြင့် အများပြည်သူ ကုန်ဈေးနှုန်း ကြီးမြင့်မှုမှ ကင်းဝေးရသည်ဟု ဆိုသော်လည်း လက်ကားဈေးနှုန်း အပြောင်းအလဲသည် ဈေးတက်ချိန် လက်လီဝယ်ယူစားသုံးရာတွင် ရိုက်ခတ်မှုရှိကြောင်း၊ လက်ကားဈေးကျချိန်တွင်မူ လက်ကားဈေးနှုန်း သိသာစွာပြောင်းလဲမှု မျိုးစားသုံးသူများမခံစားရကြောင်း အိမ်ရှင်မများက ဆိုသည်။ **(ခင်ဆိုင်)**

မိုးစပါးကြမ်းဈေး ယခင်နှစ်ထက်ဈေးကျ

ရန်ကုန် ဇန်နဝါရီ ၁

၂၀၁၂ ဇန်နဝါရီလဆန်းတွင် ပေါင် ၅၀ ကိုက်စပါးကြမ်း တင်းတစ်ရာလျှင် ငွေကျပ်သုံးသိန်းဝန်းကျင်၊ ပေါ်ဆန်း စပါး ၅၂ ခွဲပေါင်တိုတင်းတစ်ရာလျှင် ငွေကျပ် ခြောက်သိန်းဝန်းကျင်၊ ငစိန်ဆန် တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၊ ၂၅ မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၀၃၀၀ မှ ၁၀၅၀၀ ဝန်းကျင်၊ ပေါ်ဆန်းအသစ် တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀မှ ၂၃၀၀၀ အတွင်း၊ ရွှေဘို ပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၊ ၃၆၀၀၀၊ ဆန်ကွဲ တစ်အိတ်လျှင် ငွေကျပ် ၈၂၀၀၊ ၈၃၀၀ နှုန်း၊ ဆလတ်တစ်အိတ်လျှင် ငွေကျပ် ၈၇၀၀၊ ၈၈၀၀နှုန်း၊ ဧယာဆန် ထိပ်စ တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၊ ၁၃၅၀၀ အတွင်းရှိခဲ့ပြီး ဒီဇင်ဘာ ၃၁ ရက် က မိုးစပါးကြမ်းပေါင်း ၅၀ တို တင်းတစ်ရာလျှင် ငွေကျပ် ၃၄၀၀၀၀ဝန်းကျင်၊ ပေါ်ဆန်းစပါး တင်းတစ်ရာလျှင် ငွေကျပ် လေးသိန်းခွဲမှ ငါးသိန်းဝန်းကျင်၊ ရာကျော် (ငစိန်) ဆန် တစ်အိတ်လျှင် ငွေကျပ် ၁၁၃၀၀၊ ၁၁၅၀၀၊ ၂၅ မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၊ ၁၂၀၀၀၊ ရေနက်ကွင်းဆန်တစ်တောင်ပို၊ ပန်ကြားဆန် တစ်အိတ်လျှင် ၁၀၃၀၀၊ ၁၀၄၀၀၊ ညော့မထ ဆန်ထိပ်စ ရှယ်တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၊ ၁၄၂၀၀၊ ပေါ်ကျွဲအသစ် တစ်အိတ်လျှင် ငွေကျပ် ၁၄၄၀၀၊ ၁၄၅၀၀၊ ပေါ်ဆန်း ဆန်အသစ် တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀ မှ ၂၁၀၀၀၊ ပေါ်ဆန်း ဆန်အဟောင်းတစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀မှ ၂၆၅၀၀ အတွင်း၊ ရွှေဘို ပေါ်ဆန်းအဟောင်း တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀ ဝန်းကျင်၊ ၂၊ ၃၊ ၄ ဆန်ကွဲ တစ်အိတ်လျှင် ငွေကျပ်၉၃၀၀၊ ၉၄၀၀၊ ဆလတ် တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၊ ၉၈၀၀နှုန်းရှိကြောင်း သိရသည်။

မြင့်တက်

၂၀၁၂ ခုနှစ်အတွင်း နှစ်လယ်ပိုင်းမှစ၍ နယ်စပ်အပို့ ဆန်ကွဲများလာ၍ ဆန်ကွဲတစ်အိတ် ငွေကျပ် ၁၂၀၀၀ ဝန်းကျင်အထိ မြင့်တက်ရာ ဇူလိုင် ၂၈ ရက်က ၂၊ ၃၊ ၄ ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၊ ဆလတ်ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၁၂၄၀၀ နှုန်း၊ ၂၅ မှတ် နွေဆန် တစ်အိတ်လျှင် ငွေကျပ် ၁၃၃၀၀ နှုန်း၊ မိုးဧယာဆန် တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀ နှုန်း၊ ပေါ်ကျွဲတစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၊ ပေါ်ဆန်း ဆန်တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀ မှ ၃၀၀၀၀၊ ရွှေဘို ပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀ မှ ၃၄၀၀၀ အတွင်း ရှိသည်ဟု သိရသည်။

စက်တင်ဘာလ ဝန်းကျင် ရာကျော်ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀ ဝန်းကျင်၊ နွေဧယာဆန်ရှယ် တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀ ဝန်းကျင်ထိမြင့်တက်ခဲ့သော်လည်း ဆန်ချောဈေးနှုန်းများ မြင့်တက်ခဲ့မှုမရှိပါ။ ၂၀၁၁ အောက်တိုဘာလဆန်းက ပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၊ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀ ဝန်းကျင်၊ ဆန်ကွဲ ၂၊ ၃၊ ၄ တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀ နှုန်းရှိခဲ့ရာ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ဆန်ချောဈေးနှုန်းသည် ၂၀၁၁ အောက်တိုဘာလထက် တစ်အိတ်လျှင် ငွေကျပ် ငါးသောင်းဝန်းကျင်ဈေးကျပြီး ဆန်ကွဲမှာမူ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀ ဈေးမြင့်နေကြောင်း သိရသည်။

အဟောင်း

၂၀၁၂ မိုးစပါး စတင်ရိတ်သိမ်းပြီးနောက် စပါးကြမ်းဈေး ပေါင် ၅၆၀ ကိုက် တင်းတစ်ရာလျှင် ငွေကျပ် ၃၈၀၀၀၀ ဝန်းကျင်ရပြီး ဆန်သစ်များသည်လည်း တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၊ ၁၅၀၀၀ ကြားရရှိသော်လည်း ပေါ်ဆန်းဆန်အသစ်များမှာ နယ်အလိုက် ငွေကျပ် ၁၅၅၀၀ မှ ၁၈၅၀၀ ကြားသာရှိနေချိန်တွင် နွေဧယာ ထိပ်စ အဟောင်းများမှာ ငွေကျပ် ၁၇၀၀၀ ဝန်းကျင်ရှိနေသည်ဟု သိရသည်။

နိမ့်ကျ

၂၀၁၂ ဆန်စပါး ဈေးနှုန်းများခြုံငုံကြည့်လျှင် ပြည်ပနှင့် နယ်စပ်အပို့များကြောင့် ဆန်ကွဲဈေး၊ ဆန်ကြမ်းဈေးများမြင့်တက်ခဲ့ပြီး ဆန်ကွဲ၊ ဆန်ကြမ်း ကုန်သည်များ အမြတ်အစွန်းပိုရသော်လည်း ဆန်ချောလုပ်ကိုင်သူများ အမြတ်အစွန်းမျှော်မှန်းသည်ထက် များစွာလျော့နည်းရလာကြောင်း သိရသည်။ နှစ်ကုန်ပိုင်းတွင် မိုးရွာသွန်းမှုသည် ပုံမှန်ထက်ပိုမိုသဖြင့် ပေါ်ဆန်းစပါးများ ထိခိုက်မှုရှိသကဲ့သို့ ၂၀၁၂ ခုနှစ်အတွင်း အကျိုးအမြတ်နည်းမှုနှင့် အတူ ယခုနှစ်တွင် ပေါ်ဆန်းစပါး ဈေးနှုန်း ယခင်နှစ်ကထက် တင်းတစ်ရာလျှင် ငွေကျပ် တစ်သိန်းကျော် နိမ့်ကျနေသည်ဟု သိရသည်။

မိုးစပါးကြမ်းဈေးမှာလည်း ရိတ်သိမ်းမှုများပြားလာသော ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် နှစ်စဉ်ကဲ့သို့ ဈေးနှုန်းထိုးကျနေရာ လယ်သမားများအနေဖြင့် စပါးဈေးနှုန်း ထိန်းသိမ်းပေးသည့် စီမံမှုမျိုး မျှော်လင့်နေကြသည်ဟု သိရသည်။ **(ခင်ဆိုင်)**

မြင်းမူမြို့မှပြုပြင်ပြီး ရေကန်များ ပြည်သူများအား ရေပေးဝေနိုင်ပြီ

မြင်းမူ ဇန်နဝါရီ ၁

မြင်းမူမြို့ မင်းရဲကျော်စွာရပ်ကွက်ရှိ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ရေပေးဝေရေး စက်ရုံဝင်းအတွင်းရှိ မြို့နေပြည်သူများ သောက်သုံးရေကန် ဂါလန် ၁၂၅၅၀၀ ဆံ့ အနည်ထိုင်ကန် သံကူကွန်ကရစ် အချင်း ပေ ၄၀ ၊ အနက် ၁၈ ပေနှင့် ရေကြည်ကန် (ရေစစ်ကန်) ဂါလန် ၄၈၀၀၀ ဆံ့ သံကူကွန်ကရစ် ၂၆ ပေ ၆ လက်မ ပတ်လည်၊ အနက် ၁၁ ပေ ရှိကန်နှစ်ကန်အတွင်း၌ ရွှံ့နွံများ အရည်ပျော်စေရန် ၄ လက်မပိုက်ဖြင့် ရေထိုးသွင်းပြီး ရေဆိုးထွက်ပေါက်မှ ရေဆိုးကန်အတွင်း ဝင်ကာ ရေဆိုးကန်မှတစ်ဆင့် ရေတံခါးပေါက်မှ ဧရာဝတီမြစ်အတွင်းသို့စီးဝင်သွားကြောင်း တွေ့ခဲ့ရသည်။

ဂါလန် ၁၂၅၅၀၀ ဆံ့ အနည်ထိုင်ကန်အတွင်းရှိ ရွှံ့နွံများသည် အနက် ၇ ပေရှိကြောင်း ရေကန်တွင်းသို့ စစ်ဆေးခဲ့သူတစ်ဦးက ပြောကြားသည်။

အဆိုပါနှစ်ကန်စလုံးကို သုံးနှစ်တစ်ကြိမ်၊ ရွှံ့နွံများ ရှင်းလင်းခဲ့ရာမှ ယခုအကြိမ်တွင် နှစ်ကန်စလုံးကို လေးနှစ်ကြာသွားပြီးမှ ရှင်းလင်းဆေးကြောခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

ယင်းနှစ်ကန်ကို ၂၃ ရက်မှ ၂၆ ရက်အထိ ရွှံ့နွံများ ရှင်းလင်းခဲ့ပြီး ဒီဇင်ဘာ ၂၇ ရက်မှစ၍ ပုံမှန်အတိုင်း မြို့ပေါ်ရပ်ကွက်များသို့ အလှည့်ကျ ရေပေးဝေသွားနိုင်ပြီဖြစ်ကြောင်း ပိုက်ဆက်/စက်မောင်း ဦးဇော်မြင့်ကဆိုသည်။ **(ဝ၇၉)**





နယ်စပ်ရေးရာဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးလက် လမ်းတံတားလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အတွင်း အောက်ဖော်ပြပါ ကျေးလက် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်း				
		လမ်း(မိုင်/ဖာလုံ)			တံတား	
		ကတ္တရာ	ကျောက်	မြေ	သစ်သား(ပေ)	ရေပွန်(ပေ)
၁	ရခိုင်ပြည်နယ်	၁၀/၀	၁၆/၀	၂၅/၀	၅၀၀	၃၅၀

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂-၁-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၇-၁-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့် တင်ဒါပုံစံ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ် (၁၄)၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နေပြည်တော်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်များကို ဤဦးစီးဌာန ဖုန်း-၀၆၇-၄၀၉၄၁၀၊ ၀၆၇-၄၀၉၂၁၀၊ ၀၆၇-၄၀၉၄၄၆ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန
ရုံးအမှတ်(၁၄)၊ နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၃၄၊ မြေကွက်အမှတ်၁၀၅၇၊ မြေကွက်တည်နေရာအမှတ် ၁၀၅၇၊ သင်ဝင် ၃လမ်း၊ ၃၄ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးအပ္ပနား AD-၀၃၄၂၀၁ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးအပ္ပနားထံမှ SP-၄၈၆၆/၁၁ ၂၁-၃-၂၀၁၁ ဖြင့် ဦးမြင့်ဦး ၉/မရမ(နိုင်)၀၄၁၆၆၉ရရှိသူက ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း မရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ ဆွမ်းဆန်စိမ်းလောင်းလှူ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီးရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် အကြိမ်(၄၀)မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက အဆိုပါ စေတီတော်ရင်ပြင်ရှိ နန်းဦးဘုရားကြီး တန်ဆောင်း၌ကျင်းပရာ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော်အဘိ ဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသ အမှူးပြုသည့် ဆရာတော် သံဃာ တော်များက မေတ္တသုတ်ပရိတ်တရား တော်များ ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးတင်အောင်က သာသနာရေး ဆိုင်ရာ များကိုလည်းကောင်း၊ စေတီတော် အလှည့်ကျဂေါပက ဒေါက်တာအေးကျော် က အခမ်းအနားကျင်းပရခြင်းနှင့် စပ် လျဉ်း၍လည်းကောင်း လျှောက်ထားကြ ပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီး တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ခေမိန္ဒသာမိထံမှ အနုမောဒနာတရား နာယူကြပြီး ဆရာတော် သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်းလောင်း လှူခဲ့ကြသည်။ **(သတင်းစဉ်)**

ဆောင်းသီးနှံစိုက်ပျိုးခြင်း နည်းပညာဆွေးနွေးပွဲကျင်းပ

ချောင်းဦး ဇန်နဝါရီ ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်းဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသ ကြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန တိုင်း ဒေသကြီး ဦးစီးမှူး ဦးထွန်းရှိန်နှင့် တာဝန် ရှိသူများသည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီက ချောင်းဦးမြို့နယ် ပေါင်းအင်း စိုက်ကွင်းသို့ရောက်ရှိပြီး ၂၀၁၂-၂၀၁၃ ခုနှစ် ဆောင်းသီးနှံ ဂျုံ ကုလားပဲ စိုက်ပျိုး ခြင်း၊ နည်းပညာကိစ္စရပ်များနှင့် ပတ် သက်၍ ပညာပေးဆွေးနွေးမှာကြားရာ ပေါက်အင်းစိုက်ကွင်းမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြ သည်။

ထို့နောက် ပေါက်အင်းစိုက်ကွင်းမှူး က နွားဖြင့် မျိုးစေ့ချခြင်းအစား ထွန်စက် ဖြင့်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ သုတေသနဝန်ထမ်းများက ဂျုံ ကုလားပဲ မျိုးများ ယှဉ်ပြိုင်စမ်းသပ်ခြင်း၊ ကွန်ပေါင်း မြေသြဇာအမျိုးအစားအလိုက် ယှဉ်ပြိုင် စမ်းသပ်ခြင်းတို့ကို ရှင်းလင်းတင်ပြကြ သည်။

ဆက်လက်၍ တိုင်းဒေသကြီးဦးစီး မှူး ဦးထွန်းရှိန်က ခေတ်စနစ်နှင့်အညီ စိုက်ပျိုးလုပ်ဆောင်သွားကြရန် မှာကြား ခဲ့ကြောင်း သိရသည်။ **(စက်မှု/သိပ္ပံ)**

ကြည့်မြင်တိုင်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ရွေးချယ်ပြီးစီး

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး အတွင်း ပထမဦးဆုံးသော ရပ်ကွက်အုပ်ချုပ်ရေး မှူး ရွေးချယ်ပွဲကို ၂၀၁၂ ခုနှစ် ဩဂုတ် ၁၅ ရက်က ကြည့်မြင်တိုင်မြို့နယ် ဝါးရုံ ဆိပ်ရပ်ကွက်တွင် စည်းမျဉ်း၊ စည်းကမ်း၊ နည်းဥပဒေများနှင့်အညီ စမ်းသပ်ရွေး ချယ်ပွဲ စတင်ပြုလုပ်ခဲ့ရာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် ရန်ကုန်တိုင်း ဒေသကြီးအတွင်း ရပ်ကွက်အုပ်ချုပ်ရေး မှူးအသစ်ရွေးချယ်ပွဲများကို ဆက်လက် ကျင်းပခဲ့ကြသည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်း ရပ် ကွက်ပေါင်း ၂၂ရပ်ကွက်ရှိရာ နောက်ဆုံး ရပ်ကွက်ဖြစ်သည့် ပန်းလှိုင်ရပ်ကွက်၌ ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့ပြီးဖြစ် သည်။ **(ဝဲပုံ)**

ကြီးကြပ်ဆောင်ရွက်

ထိုသို့ မြို့နယ်အတွင်း ရပ်ကွက်အုပ် ချုပ်ရေးမှူး ရွေးချယ်ပွဲများ ကျင်းပရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေး ဦးဆောင်သည့် မြို့နယ် အထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်ကွက် ရွေးချယ်ပွဲ ကြီးကြပ်ရေးအဖွဲ့ (ရပ်မိရပ်ဖ များ)၏ ကြီးကြပ်ဆောင်ရွက်မှုကြောင့် ရပ်ကွက်များအားလုံးတွင် အောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း သိရှိရသည်။ **(ဝ၄၂)**

ပြည်တွင်းသတင်း

ဆောင်းသီးနှံစိုက်ပျိုးသူများ ရာသီဥတု အဆင်ပြေမှုရှိလာ

ဆောင်းသီးနှံ စိုက်ပျိုးနေကြသည့် တောင်သူများသည် ထွန်ယက်စိုက်ပျိုး ချိန်များတွင် ရာသီဥတုကောင်းမွန်ခြင်း ကြောင့် မြေပဲစိုက်တောင်သူများ အဆင် ပြေနေကြောင်း သိရသည်။

"အခု၂၀၁၂-၂၀၁၃ခုနှစ်မှာ ဆောင်း သီးနှံမြေပဲစိုက်ဖို့ လျာထားတာကတော့ ၁၉၃၅၅ဧကပါ။ ကျွန်တော်တို့ တောင်သူ စိုက်ပျိုးပြီးတဲ့ ဧကကတော့ ရိုးပြတ် မြေပဲဧက ၄၂၂၁ဧကကို စိုက်ထားပြီး ဖြစ်ပါတယ်။ ကိုင်းခင်းမှာ ၄၂၅၆ ဧက ရှိပြီဖြစ်ပါတယ်။ သစ်တောမြေအတွင်း မှာ မြေပဲစိုက်ပျိုးပြီးသား မြေဧက ၁၄၁၀ ရှိ ပါတယ်။ ၂၀၁၂ ဒီဇင်ဘာ ၂၀ ရက် အထိ စိုက်ပျိုးပြီး ဆောင်းသီးနှံ မြေပဲ စိုက်ဧက စုစုပေါင်း ၉၈၈၇ ဧက ဖြစ် ပါတယ်"ဟု မြို့ခံတစ်ဦးက ရှင်းပြ သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက် ပျိုးလုပ်ကိုင်နေကြသည့် မြေပဲစိုက် တောင်သူများ ထွန်ယက်နေကြသည်။

"လစဉ်မိုးမရွာတာက ကျွန်တော်တို့ မြေပဲစိုက်ပျိုးမယ့် တောင်သူတွေ အတွက် ကောင်းပါတယ်။ ခြောက်ခြောက် သွေ့သွေ့ မြေကြီးထွန်ယက်ရတာဆိုတော့ ရာသီဥတုအဆင်ပြေတယ်လို့ ပြောရ မှာပါ"ဟု အင်းတော်မြို့နယ် မင်းကုန်း ရွာမှ တောင်သူတစ်ဦးက ဆိုသည်။

လေပွေနီ(အင်းတော်)

ကုန်သည်/စက်မှုအသင်းချုပ်က ဖွင့်လှစ်သည့် သင်တန်းများဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ် လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကော်မတီ ကကြီးမှူးဖွင့်လှစ်ခဲ့သော Certificate Course for Office Management အပတ်စဉ်(၁၀)၊ Certificate Course for Practical Approach to International Trade အပတ်စဉ်(၈)၊ Certificate Course for Systematic Distribution and Management အပတ်စဉ်(၆)၊ Basic Certificate Course for Sales and Marketing အပတ်စဉ်(၄)၊ Certificate Course for Business English အပတ်စဉ်(၈)၊Certificate Course for Human Resource Management အပတ်စဉ်(၄)၊ Certificate Course for Financial Management အပတ်စဉ်(၄)၊ Certificate Course for Japanese Language အပတ်စဉ်(၇)တို့၏ စုပေါင်းသင်တန်းများ ဆင်းပွဲများကို ဒီဇင်ဘာ ၂၉ ရက်က အသင်းချုပ် ပထမထပ်ခန်းမကြီး၌ ကျင်းပရာ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်း အောင်က အမှာစကားပြောကြားပြီး လူ့ စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က သင်တန်းများ ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူ များက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ် ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

မီး ဘေးအန္တရာယ် အစဉ်သတိပြုကာကွယ်

အားကစားသတင်း

အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်လေ့ကျင့်

နေပြည်တော် ဇန်နဝါရီ ၁

မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီအတွင်းရေးမှူး၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက နေပြည်တော်လယ်ဝေးမြို့ရှိ Training Centre (2) သို့ရောက်ရှိကာ ဂျူဒို၊ ကရာတေးဒို၊ တိုက်ကွမ်ဒိုနှင့် အလေးမအားကစားသမားများ လေ့ကျင့်နေမှုကို လှည့်လည်စစ်ဆေး ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် ဂျူဒိုအားကစားသမားများ လေ့ကျင့်နေမှုကို စစ်ဆေးကြည့်ရှုအားပေးကာ တာဝန်ခံနှင့် နည်းပြများ၏ တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားပြီး (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် (၄၄) နှစ်ကျော်ကြာမှ အိမ်ရှင်အဖြစ် မိမိတို့နိုင်ငံမှ လက်ခံကျင်းပသည့်ပြိုင်ပွဲဖြစ်ပြီး နောင်နှစ်ပေါင်း(၂၀)ကျော်ကြာမှသာ SEA Games ပြိုင်ပွဲ ထပ်မံကျင်းပရမည်ဖြစ်သဖြင့် တစ်သက်မှတစ်ခါသာ ကျင်းပရသည့်ပြိုင်ပွဲတွင် မိမိတို့နိုင်ငံအတွက် အောင်မြင်မှုများရရှိရန် အားကစားသမားများအနေဖြင့် မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့် အားသွန်ခွန်စိုက်ကြိုးစားသွားကြရန်လိုကြောင်း၊ မိမိကိုယ်ကို အောင်မြင်မှုရရှိရန်မှာ မိမိကိုယ်တိုင်ကြိုးစားမှသာ ရရှိမည်ဖြစ်ကြောင်း၊ ဒါကြောင့် မိမိ၏လိုအပ်ချက်၊ အားသာချက်၊ အားနည်းချက်များကို မိမိကိုယ်တိုင်ပြုပြင်၍ အောင်မြင်မှုဆုတံဆိပ်များရရှိရန် ကြိုးစားဆောင်ရွက်ကြရန်နှင့် လိုအပ်ချက်များရှိပါက အဆင့်ဆင့်တင်ပြကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကရာတေးဒို အားကစားသမားများ၊ တိုက်ကွမ်ဒို အားကစားသမားများ၊ အလေးမ အားကစားသမားများ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး အားကစားသမားများ၏ ကြံ့ခိုင်မှု၊ ခန္ဓာကိုယ်အလေးချိန် မျှမျှတတရှိမှုနှင့် ကျန်းမာရေးအခြေအနေများကို စစ်ဆေးကြည့်ရှုကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ခံများအား မှာကြားသည်။

ထို့နောက် Training Centre (2) ဆေးခန်းရှိ အစည်းအဝေးခန်းမတွင် ဂျူဒို၊ ကရာတေးဒို၊ တိုက်ကွမ်ဒိုနှင့် အလေးမ အားကစားနည်းတာဝန်ခံနှင့် နည်းပြများအား တွေ့ဆုံကာ အားကစားနည်းအလိုက် SEA Games ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် အားကစားသမားများအား A အဆင့်၊ B အဆင့်၊ C အဆင့်အုပ်စုခွဲထားမှု အခြေအနေ ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်မှာကြား၍ ကိုယ်အလေးချိန်တိုးလာသည့် အားကစားသမားများအား သက်ဆိုင်ရာတာဝန်ခံများက ညှိနှိုင်း၍ Special Diet များ ကျွေးမွေးနိုင်ရေးစီမံဆောင်ရွက်သွားကြရန်၊ အားကစားသမားတစ်ဦးချင်း၏ တိုးတက်မှုအား အသေးစိတ်ဆန်းစစ်သည့် စနစ်ဖြစ်သော Men to Men Check ပြုလုပ်ခြင်းဖြင့် ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အားကစားသမားများ စိတ်ပျော်ရွှင်ရေးအတွက် အားလပ်သည့်အချိန်များတွင် စိတ်အပန်းဖြေရေးအစီအစဉ်များ ဆောင်ရွက်ပေးရေးတို့အား မှာကြားသွားကြောင်း သတင်းရရှိသည်။

(အား/ကာ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

- ၅း၄၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၃၀ တစ်ရက်နေရတာမြတ်တယ် တရားတော် [(အရှင်ဥတ္တရ (ကျိုက်ဒေးယျံဆရာတော်)]
- ၆း၄၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး** (အပိုင်း-၅၇)
- ၇း၃၀ MRTV-4သတင်း
- ၈း၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **တစ်စင်းတည်းသောလမင်း** (အပိုင်း-၁၀၄)
- ၉း၀၀ Take Care Your Health With SGH
- ၁၀း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လျှို့ဝှက်ချက်နှင့် ဂင်မ်ချီ** (အပိုင်း-၂၂)
- ၁၁း၂၀ Minute to Win It
- ၁၂း၀၀ စန္ဒရားမျိုးနိုင် (အပိုင်း-၃)
- ၁၂း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၂း၅၀ လက်ကမ်းသင့်လှ ပရဟိတ
- ၅း၀၀ ဈေးဝယ်လမ်းညွှန် (ETUDE HOUSE)
- ၅း၂၀ Minute to Win It
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ Drive It
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး**(အပိုင်း-၅၈)
- ၇း၄၀ ၂၀၁၃ နှစ်သစ်ဆုမွန်ကောင်းများ
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Let's Talk It
- ၁း၁၅ [ကျန်းမာစေသောပတ်ဝန်းကျင်] (ဒေါက်တာခင်မောင်လွင်၊ စာရေးဆရာဟိန်းလတ်)
- ၁း၄၀ **တန်ဖိုး** မင်းသူ၊ရဲသီဟကို၊သီတာသိမ့်၊ ဇွန်ခြူးအိမ်၊အကယ်ဒမီဇော်ဦး (ဒါရိုက်တာ- အကယ်ဒမီမောင်တင်ဦး)
- ၃း၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်

တောင်အမေရိကအကောင်းဆုံးဘောလုံးသမားဆု ဘရာဇီးတိုက်စစ်မှူးနေမာဆွတ်ခူး

ဆော်ပေါလို ဇန်နဝါရီ ၁

ဆန်တို့စ်ကလပ်နှင့် ဘရာဇီးဘောလုံးအသင်း စူပါစတားတိုက်စစ်မှူး နေမာအား ၂၀၁၂ ခုနှစ်အတွက် တောင်အမေရိက အကောင်းဆုံးဘောလုံးသမားအဖြစ် ဆန္ဒမဲပေးရွေးချယ်လိုက်ကြောင်း ဥရုဂွေးနေ့စဉ်သတင်းစာအယ်ပါအစ်က ဖော်ပြသည်။

အသက် ၂၀ ရှိ တိုက်စစ်မှူးနေမာသည် ကမ္ဘာ့ကလပ်ဖိုလ်လုပွဲတွင် ချယ်လ်ဆီးနှင့် ကစားခဲ့သည့်ပြိုင်ပွဲ၌ ကိုရင်သီယန်အသင်းအတွက် အနိုင်ဂိုးသွင်းပေးခဲ့သောတိုက်စစ်မှူး ပေါလိုဂူယာရီယိုအား ကျော်ဖြတ်ပြီး ၎င်းဆုကို ဆွတ်ခူးသွားခဲ့ခြင်းဖြစ်သည်။

နေမာသည် ဥရုဂွေးနိုင်ငံတစ်ဝန်း အားကစားကလောင်ရှင်များပေးသည့်ဆန္ဒမဲ ၁၉၉ မဲဖြင့် ဆုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ဂူယာရီယိုက မဲ ၅၀ သာရခဲ့သည်။

(ဆင်ဟွာ)

ပေါ်တူဂီနောက်တန်းကစားသမား ရက်ဒင်းစာချုပ်

လန်ဒန် ဇန်နဝါရီ ၁

ပရီမီယာလိဂ်ကလပ် ရက်ဒင်းက ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းအသင်းခေါင်းဆောင် ဒန်နီရယ်ကာရီကိုအား စာချုပ်လိုက်ပြီဖြစ်သည်။ အသက် ၂၄ နှစ်ရှိ ပေါ်တူဂီနောက်တန်းကစားသမား ကာရီကိုအား ရက်ဒင်းက နှစ်နှစ်ခွဲစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။ **(ရိုက်တာ)**

ကောင်းမြတ်သူ-စုစည်းသည်

မန်ယူတို့ နိုင်ပွဲဆက်ဦးမယ့် အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်

အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်တွေကို ဇန်နဝါရီ ၅ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ပရီမီယာလိဂ် ပွဲကျပ်ကာလကို ဖြတ်သန်းခဲ့ပြီးနောက် အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်တွေက အသင့်စောင့်ကြိုနေပြန်တာမို့ ပရီမီယာလိဂ်ထိပ်တန်းအသင်းတွေဟာ သက်ပြင်းမချနိုင်သေးဘဲ တန်ဖိုးကြီးမားတဲ့ အက်ဖ်အေဖလားကို ရယူဆွတ်ခူးနိုင်ရေးအတွက် အပြိုင်အဆိုင် အားထုတ်ကြရဦးမှာဖြစ်ပါတယ်။ ပွဲကောင်းတွေ ဆက်တိုက်အားပေးနေကြရတဲ့ ပရိသတ်တွေအတွက် အက်ဖ်အေဖလားတတိယအဆင့်ပွဲစဉ်တွေက အသင့်စောင့်ကြိုနေပြီ ဖြစ်ပါတယ်။

ဝက်စ်ဟမ်းနှင့် မန်ယူ

ဝက်စ်ဟမ်းကွင်းမှာ မန်ယူတို့ ရှုံးပွဲလည်းကြုံ၊ နိုင်ပွဲလည်းကြုံထားတာမို့ ဒီပွဲဟာ မန်ယူတို့ခက်ခဲနိုင်တာတော့ အမှန်ပါပဲ။ ဝက်စ်ဟမ်းဟာ အိမ်ကွင်းမှာ ခြေစွမ်းမာကျောပြီး တုံ့ပြန်မှုလည်း ပြင်းထန်တာမို့ မန်ယူနည်းပြ ဖာဂူဆန်က ဒီပွဲကို အရန်လူတွေထုတ်သုံးရင် အကျပ်အတည်းနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ ဒါပေမယ့် ပုံမှန်ခြေစွမ်းပြသနိုင်ပြီး ရလဒ်ကောင်းတွေ ဖန်တီးပုံဖော်နိုင်နေတဲ့ မန်ယူက အက်ဖ်အေဖလားကိုလည်း ပစ်မှတ်ထားနေတာမို့ အဝေးကွင်းဆိုပေမယ့် နိုင်ပွဲရအောင် ကစားပါလိမ့်မယ်။

ဆောက်သမ်တန်နှင့် ချယ်လ်ဆီး

ဆောက်သမ်တန်ဟာ ချယ်လ်ဆီးနဲ့ ဆုံတိုင်း အနိုင်ရလေ့မရှိပါဘူး။ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့ကြတဲ့သုံးပွဲမှာ ချယ်လ်ဆီးတို့က သုံးပွဲစလုံး အနိုင်ရအောင်ကစားနိုင်ခဲ့ပါတယ်။ ပွဲတိုင်းအနိုင်ရအောင် ကစားနိုင်နေတဲ့ ချယ်လ်ဆီးရဲ့ လက်ရှိခြေစွမ်းအရ ဆောက်သမ်တန်တို့ မျှော်လင့်ချက်ထားဖို့မလွယ်ပါဘူး။ တစ်ဦးချင်းရော အသင်းလိုက်ပါ အားသာချက်ရှိနေတဲ့ ချယ်လ်ဆီးဟာ ဒီပွဲမှာလည်း ပရိသတ်တွေ ကျေနပ်စရာဖြစ်လာပါလိမ့်မယ်။

မန်စီးတီးနှင့် ဝက်ဖို့ဒ်

ဒီနှစ်သင်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှတ်တမ်းကို ကြည့်ရင် မန်စီးတီးက တစ်ပွဲနိုင်ပြီး နှစ်ပွဲရှုံးထားပါတယ်။ ဒါပေမယ့် မန်စီးတီးဟာ အိမ်ကွင်းမှာ တော်ရုံအသင်းတွေကို အနိုင်ရအောင် ကစားနိုင်တဲ့ အသင်းဖြစ်ပြီး ခြေစွမ်းအသာနဲ့ ကစားကွက်ကို စိုးမိုးနိုင်တာမို့ ဝက်ဖို့ဒ်တို့အတွက် အသက်ရှူကျပ်စရာပွဲစဉ်ဖြစ်နေပါတယ်။ ပရီမီယာလိဂ်ဖလားရရှိရေးမှာ မန်ယူက တံတိုင်းလို ကာရံထားလို့ မန်စီးတီးဟာ အက်ဖ်အေဖလားကို ရယူရေးအတွက် အစွမ်းကုန်ကြိုးစားသွားဖို့ ရှိနေပါတယ်။ ဒီပွဲဟာ အိမ်ရှင်တို့ ပျော်ရွှင်စရာ နေ့တစ်နေ့ဖြစ်လာမှာပါ။

စပါးနှင့် ကိုဗင်ထရီ

လက်ရှိအချိန်မှာ ခြေစွမ်းပြနေတဲ့ စပါးဟာ အခုပွဲမှာ ကိုဗင်ထရီကိုအနိုင်ကစားပြီး အမှတ်ပြည့်ရယူဖို့ ကြိုးစားမှာပါ။ စပါးမှာ ဂါရက်ဘေးလ်တို့က နိုင်ပွဲရအောင် စွမ်းဆောင်ပေးနိုင်တာဖြစ်ပြီး လက်ရှိမှာ တိုက်စစ်ပိုင်းအားသန်နေတဲ့ စပါးကို ညှော့သည့် ကိုဗင်ထရီတို့ ထိန်းချုပ်ဖို့တော့မလွယ်ပါဘူး။ အိမ်ကွင်းမှာ စပါးတို့က ခြေစွမ်းပြကိုးသွင်းနိုင်ဖို့ ကြိုးစားမှာဖြစ်ပြီး အမှတ်ရအောင်ယူဖို့ အားထုတ်မှာဖြစ်တာမို့ ဒီပွဲရဲ့သုံးမှတ်အပြည့်ဟာ အိမ်ရှင်တို့အတွက်ပဲ ဖြစ်မှာပါ။

ဘော်လ်တန်နှင့် ဆန်းဒါးလန်း

ဆန်းဒါးလန်းဟာ ဘော်လ်တန်နဲ့ ဆုံတိုင်း ရှုံးပွဲကြုံရတာများပါတယ်။ ဆန်းဒါးလန်းရဲ့ လက်ရှိခြေစွမ်းက အားရဖွယ်မရှိတာမို့ ဘော်လ်တန်ဟာ တိုက်စစ်အရှိန်တင်ပြီး ကစားပါလိမ့်မယ်။ ဘော်လ်တန်ဟာ အိမ်ကွင်းဆိုပေမယ့် ဆန်းဒါးလန်းနဲ့ ဒီပွဲမှာ ပွဲကျပ်လိုဖြစ်နေပါတယ်။ နှစ်သင်းစလုံး ခြေစွမ်းပိုင်းတူညီနေပြီး အကြိုက်ဆိုရင်တော့ ဆန်းဒါးလန်းကို ပိုပြီးနှစ်သက်ပါတယ်။ ရမှတ်ရယူလို စိတ်ပြင်းထန်နေတဲ့ ဆန်းဒါးလန်းဟာ အဝေးကွင်းဆိုပေမယ့် အဓိကကစားသမားတွေနဲ့ ပွဲထွက်လာမယ့် ဆန်းဒါးလန်းခြေကို ကြည့်ရမှာဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်နှင့် စတုတ်

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု သုံးပွဲရလဒ်ကိုကြည့်ရင် စတုတ်တို့ အနိုင်ယူခဲ့တာချည်း တွေ့ရပါတယ်။ စတုတ်ဟာ ခြေစွမ်းထက်မြက်တဲ့အသင်းဖြစ်ပြီး အထူးသဖြင့် မိမိထက် ကစားအားနည်းတဲ့ အသင်းဆိုရင် အမှားအယွင်းမရှိ နိုင်ပွဲရအောင် စိတ်ဓာတ်ပြင်းပြင်းထန်ထန်နဲ့ ယှဉ်ပြိုင်လေ့ရှိပါတယ်။ လက်ရှိ ပွဲစဉ်တွေမှာ ခြေအတက်အကျမမှန်တဲ့ ခရစ္စတယ်ပဲလေ့စ်ဟာ ယခုပွဲအိမ်ကွင်းမှာကစားရပေမယ့် ပရိသတ်တွေ ပျော်ရွှင်ရမယ့်ရလဒ် ဆောင်ကြဉ်းပေးဖို့ ခက်ခဲပါလိမ့်မယ်။

ကျူပီအာနှင့် ဝက်စ်ဘရွန်း

နှစ်သင်းစလုံး ခြေစွမ်းတူညီနေတဲ့ အသင်းတွေဖြစ်လို့ ကြည့်ကောင်းမယ့် ပွဲပါပဲ။ ဝက်စ်ဘရွန်းဟာ ဒီနှစ်ခြေစွမ်းပြနိုင်တဲ့အသင်းဖြစ်တာမို့ ကျူပီအာတို့ သတိထားကစားရမှာပါ။ ကျူပီအာနဲ့ ဝက်စ်ဘရွန်းတို့ ဆုံတွေ့ခဲ့ကြတဲ့ မှတ်တမ်းရလဒ်တွေကိုကြည့်ရင် ဝက်စ်ဘရွန်းတို့ အရေးသာခဲ့တာတော့အမှန်ပါပဲ။ ကျူပီအာဟာ အိမ်ကွင်းမှာ ကစားအားကောင်းပေမယ့် နိုင်ပွဲရလိုစိတ်ပြင်းပြနေတဲ့ ဝက်စ်ဘရွန်း တိုက်စစ်မှူးတွေကို ဟန့်တားဖို့တော့ ခက်ခဲပါလိမ့်မယ်။ ဝက်စ်ဘရွန်း ပရိသတ်တို့ ယခုပွဲမှာ အောင်ပွဲတေးသံတွေ ဟစ်ကြွေးနိုင်ပါလိမ့်မယ်။

မောင်မောင်မြင့်ဆွေ
ရေးသားသည်

နိုင်ငံတကာအားကစားသတင်း

အားကစားသတင်း အတိုအထွာ

❑ နယူးကာဆယ်တိုက်မှူး အသက် ၂၇နှစ်အရွယ်ရှိ ဒမ်ဘာဘာအား ပြောင်းရွှေ့ကြေးပေါင် ၇ ဒသမ ၅ သန်းဖြင့် ခေါ်ယူစာချုပ်ရန် ချယ်လ်ဆီးက အပြီးသတ် ဆွေးနွေးပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

❑ အသက် ၃၁နှစ်အရွယ်ရှိ လီဗာပူးကွင်းလယ်ကစားသမား ဂျိုကိုးလ်သည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကျူပီအာအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်သည်။

❑ အင်တာမီလန်အသင်းမှ ကွင်းလယ်တိုက်စစ်မှူးရှနိုက်ဒါအား လီဗာပူးက ပြောင်းရွှေ့ကြေးပေါင် ၉ ဒသမ ၅ သန်းဖြင့် ခေါ်ယူမှုမှာ အကောင်အထည်ပေါ်လာတော့မည်မဟုတ်ကြောင်း လီဗာပူးက သတင်းထုတ်ပြန်သည်။

❑ မန်ယူအသင်းသည် ရီးရဲမက်ဒရစ် တိုက်စစ်မှူးစီရိုနယ်ဒိုအား ခေါ်ယူရန် ပြောင်းရွှေ့ကြေးပေါင် သန်း၆၀အပြင် ကွင်းလယ်ကစားသမား နာနီနှင့် ဂိုးသမား ဒီဂီရာတို့ကို အလိုက်ပေး၍ ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

❑ အေစီမီလန်အသင်းသည် အသက် ၃၄နှစ်အရွယ်ရှိ ရှန်ဟိုင်းရှင်ဟွာအသင်း တိုက်စစ်မှူးဒရော့ဘာအား ခေါ်ယူစာချုပ်မည်ဖြစ်သည်။

❑ ကျူပီအာအသင်းသည် မာဆေးလ်တိုက်စစ်မှူး ရီမီ၊ ဝက်စ်ဟမ်းကွင်းလယ်ကစားသမားဒိုင်ရာမီတို့အား ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀စီဖြင့် ခေါ်ယူစာချုပ်ရန် ဆွေးနွေးလျက်ရှိသည်။

❑ ဆောက်သမ်တန်အသင်းသည် နာပိုလီအသင်းမှ နောက်ခံလူ အက်စတိုရီအား စာချုပ်ရန် ဆွေးနွေးလျက်ရှိသည်။

❑ အဲဗာတန်ကွင်းလယ်ကစားသမားဟောင်း တင်ကာဟေးအား ဆန်းဒါးလန်းက စာချုပ်ချုပ်ဆိုခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

❑ အာဆင်နယ်အသင်းသည် တိုက်စစ်မှူး ဝေါကော့သ်အား စာချုပ်သစ်ထပ်မံချုပ်ဆိုရေး ကြိုးစားလျက်ရှိသည်။

❑ ရက်ဒင်းအသင်းသည် အိုင်ဗရီကို့စ်နောက်ခံလူ ရှိုဟော်ရီအား ခေါ်ယူစာချုပ်ရန် ဆွေးနွေးလျက်ရှိသည်။

❑ ရီးရဲမက်ဒရစ်အသင်း ကွင်းလယ်ကစားသမား အလွန်ဆိုသည် ပရီမီယာလိဂ်တွင် ပြန်လည်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

❑ အသက် ၂၀အရွယ်ရှိ ခရစ္စတယ်ပဲလေ့စ်အသင်း တောင်ပံတိုက်စစ်မှူး ဇာဟာက အသင်းမှ ထွက်ခွာလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

❑ မန်ယူတိုက်စစ်မှူးရွှန်းနေက မိမိသည် အသင်းပြောင်းရွှေ့ကစားရန် အစီအစဉ်မရှိကြောင်း၊ မန်ယူကစားသမားအဖြစ်သာ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

မောင်ချစ်ကြည် - စုစည်းသည်

မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

မိသားစုတစ်စုလုံးရဲ့တာဝန်တွေကို ပခုံးနှစ်ဖက်ထက် ထမ်းရွက်ထားရသော်လည်း သားနဲ့သမီး လိုအပ်ချက်တွေကို မညည်းမညူ အမြဲဖြည့်ဆည်းပေးသူ ဖေကြီး ဒုတိယဗိုလ်မှူးကြီးတင်ကိုကို(ငြိမ်း)နှင့် သားနဲ့သမီး လိမ္မာယဉ်ကျေးအောင် ချော့တစ်ခါ၊ ခြောက်တစ်လှည့်ဖြင့် ဆိုဆုံးမပေးသော မေကြီးဒေါ်မီမီကိုတို့၏ ၁-၁-၂၀၁၃ရက်တွင် ကျရောက်သော မင်္ဂလာနှစ်ပတ်လည်မှသည် သက္ကရာဇ်ပေါင်းများစွာကို ပျော်ရွှင်ချမ်းမြေ့စွာ လက်တွဲကျော်ဖြတ်နိုင်ပါစေ။

သမီး - မသန့်နွယ်ကိုကို(ခ)ကစ်ကစ်
ပထမနှစ်(မြို့ပြ) ရန်ကုန်နည်းပညာတက္ကသိုလ်၊ အင်းစိန်၊ ကြို့ကုန်း
သား - မောင်ခန့်ထည်ကိုကို(ခ)ကူးကူး Grade 9(B)
အထက(၂)ဗဟန်း



ဂုဏ်ပြုဝမ်းမြောက်ခြင်း

သရဝဏ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးသော ၂၀၁၀ ခုနှစ်အတွက် အငိုမျက်လုံး အပြုံးမျက်နှာဇာတ်ကားဖြင့် တေးဂီတထူးချွန်ဆု၊ ၂၀၁၁ ခုနှစ်အတွက် ရင်ကွဲနာဇာတ်ကားဖြင့် အမျိုးသမီးဇာတ်ပို့ဆုတို့ကို နှစ်နှစ်ဆက်တိုက် ရရှိအောင်ရိုက်ကူးပုံဖော်ပေးနိုင်ခဲ့သော သရုပ်ဆောင်ဒါရိုက်တာ မင်းအုပ်စိုးအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

အားပေးသော ချစ်ပရိသတ်များ

နှစ် (၃၀)ပြည့် ပုလဲရတုမင်္ဂလာဆုတောင်း

ကျေးဇူးရှင်ချစ်ဖေဖေ ဦးဘိုအောင်မြင့်နှင့် ချစ်မေမေ ဒေါ်စန်းစန်းရီတို့၏ ၂-၁-၂၀၁၃ ရက်တွင် ကျရောက်သော ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ၍ ချစ်သမီး၊ ချစ်သားတို့နှင့်အတူ ပြည့်စုံငြိမ်းချမ်းသောမိသားစုဘဝလေးကို ပိုင်ဆိုင်ပြီး လောကီ၊ လောကုတ္တရာအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီး-မအိအိသူ
B.E (IT), M.E (IT)
ချစ်သား-ဗိုလ်ကြီးဉာဏ်လင်းဘို
M.B., B.S, M.med. Sc (Paediatric) 3 rd Year
အမှတ်(၁)တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ
ခုတင်(၃၀၀)၊ မင်္ဂလာဒုံမြို့

မွေးနေ့ဆုတောင်း

၁-၁-၂၀၁၃ရက်တွင် ကျရောက်သော သားကြီး မောင်မင်းမြတ်သွေး Grade(4)(C) အထက(၂)၊ ကမာရွတ် (၉)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် အသက်ရာကျော်ရှည်၍ ထူးချွန်ထက်မြက်သော သားကောင်းရတနာအဖြစ် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

ဘိုးဘိုး ဘွားဘွားများနှင့်
ဖေဖေ - ဗိုလ်မှူးခင်မောင်ဖြူ
မေမေ - ဒေါ်ကျော့ကေသီမြင့်
ညီမလေး- ခင်မြင့်မိုရ်

နှစ်သစ်ကူးဆုတောင်းမင်္ဂလာ

၂၀၁၃ခုနှစ်မှာ ဧရာရွှေလင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ပြီး ပျော်ရွှင်ချမ်းမြေ့စေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မိတ္တီလာ(ရုံးခွဲ)ဒါရိုက်တာများ
ဦးညွန့်လှိုင်၊ ဦးမြင့်ဝင်း၊
ဦးဝင်းလှိုင်၊ ဦးခင်မောင်လတ်

မြေကွက် (၂)ကွက်အား ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ၊ မြေကွက်အမှတ် ၈၅-ဘီ၊ အလျားပေ ၁၀၀×အနံပေ၁၀၀၊ ၀ဒသမ၂၂၉၅၈ဧကရှိ မြေကွက်နှင့် မြေကွက်အမှတ် ၈၆၊ ၀ဒသမ၄၅၉၈ဧကရှိ နှစ်၆၀ဂရန်မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်နှစ်ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဂရန်အမည်ပေါက် တော်ဝင်အောင်ချမ်း အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်၏ ကိုယ်စားရောင်းချပိုင်ခွင့်ရှိသူဟုပြောလာသူ ဒါရိုက်တာ ဦးကောင်းညွန့်သာ ၁၂/ရကန(နိုင်)၀၆၈၇၂၃ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇) **ဦးအောင်ဖြိုးလတ် LL.B (စဉ်-၃၃၀၆၃)**
လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း အကျိုးဆောင် အထက်တန်းရှေ့နေများ
အမှတ် ၅/၁၁၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၄၉၃၂၂၉၄၁၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၇၃၀၅၇၈၅၂

ကျေးဇူး ဆပ်ပါမည်	ကျွန်တော်မောင်စောနိုင်ဝင်း၏ နိုင်ငံကူးစာအုပ် P.P-၇၈၅၈၃၆ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၄၃၀၅၄၈၂၃

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပလက်ဖောင်းပေါ်တွင် အန္တရာယ်ကင်းစွာသွားလို

မြင်းခြံ ဇန်နဝါရီ ၁

မြင်းမူမြို့မဈေးအရှေ့ဘက်၊ တောင်ထိပ်မှ မြောက်ထိပ်အထိနှင့် မြို့မဈေးတောင်ဘက်အရှေ့ထိပ်မှ အနောက်ဘက်မြင်းမူ အထက(၁)အထိ မုံရွာ-မန္တလေးကားလမ်းတောင်ဘက်တွင် လူနေထိုင်ပြီး ကုန်ပစ္စည်းရောင်းချသူများက ၎င်းတို့၏ရှေ့တွင်ရှိသည့် လမ်းဘေးပလက်ဖောင်းပေါ်တွင် ပစ္စည်းများအပြည့်ခင်းခြင်း၊ အိတ်များ စီထပ်၍ချထားခြင်း၊ မြို့နယ်တိုင်းရင်းဆေးကုခန်းရှေ့၌ မုန့်တီဆိုင်မှ စားပွဲခုံကို ပလက်ဖောင်းအား မှေးတင်ထားပြီး စားသုံးသူများထိုင်သည့် ခုံများ၊ ပလက်ဖောင်းပေါ်ချထားခြင်း၊ P.C.O ဖုန်းဆိုင်နှစ်ဆိုင်မှ နှစ်ဖက်မြင်ဆိုင်းဘုတ်ပလက်ဖောင်းအလယ်ကောင်တွင် ထောင်ထားခြင်း၊ တိုင်းရင်းဆေးကုခန်း အနောက်ဘက်ကပ်လျက်မှ ဆေးရုံအဟောင်းပေါက်အထိ ဆိုင်များက ပလက်ဖောင်းပေါ်သွားလာ၍မရအောင် ထီးအမိုးများထောင်ထားခြင်း **(အောက်ပုံ)**၊ ပလက်ဖောင်းပေါ်၊ စက်ဘီး၊ ဆိုင်ကယ်များထောင်ထားခြင်းတို့ကြောင့် ကျောင်းသား ကျောင်းသူများနှင့် ဈေးဝယ်လာကြသူများ ပလက်ဖောင်းပေါ်ရှိ လျှောက်၍ရသည့်နေရာတွင် လျှောက်ကြရပြီး လျှောက်၍မရသည့်နေရာတွင် အောက်ဆင်းလျှောက်ကြရပါသည်။

သို့သော်လည်း ပလက်ဖောင်းဘေးတွင် စက်ဘီး၊ ဆိုင်ကယ်၊ ဆိုက်ကား၊ ထော်လာဂျီ၊ မြင်းလှည်း၊ လိုက်ထရပ်ကားများ၊ ခရီးသည်တင်မှန်လုံကားများမှ ပစ္စည်း၊ လူအတင်အချများရှိနေ၍ ၎င်းယာဉ်များကိုရှောင်ကွင်း၍ သွားကြရသဖြင့် မုံရွာ-မန္တလေးကားလမ်း အလယ်ကောင်အထိ လမ်းဆင်းလျှောက်ရသဖြင့် ယာဉ်တိုက်မှုအန္တရာယ်ကို တစ်နေ့မဟုတ်တစ်နေ့ ကြုံတွေ့နိုင်သည့်အတွက် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်နိုင်ရေး သတင်းမြင်ကွင်းဖော်ပြလိုက်ပါသည်။ **(၀၇၉)**

မန္တလေး ချမ်းအေးသာစံမြို့နယ်၌ စာရေးဆရာအသင်း နှစ်ပတ်လည်စည်းဝေး

မန္တလေး ဇန်နဝါရီ ၁

မန္တလေး ချမ်းအေးသာစံမြို့နယ်စာရေးဆရာအသင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် စာဆိုတော်နေ့ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် မန္တလေးမြို့ ၃၅ လမ်းရှိ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားမှူးအဖြစ် ဆရာချစ်ဝိုင်း(ဥပဒေ)က ဆောင်ရွက်ပြီး သဘာပတိ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသန်း(မောင်သန်း-မဟာဝိဇ္ဇာ)က အမှာစကားပြောကြားကာ အတွင်းရေးမှူး ဒေါ်မမကြီး(တင်မမခိုင်- မန်းတက္ကသိုလ်)က မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘိုဘိုဟန်တို့က စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် ပြည်သူ့ဗဟိုပြုစာပေရေချမ်းစင်များ ထားရှိရေးကို ဆွေးနွေးတင်ပြသည်။

ထို့နောက် မြို့နယ်နှစ်ပတ်လည်အစီရင်ခံစာကို ဦးလှစိန် (ဘူးခါး-ဘုန်းမြင့်) က ဖတ်ကြားတင်သွင်းသည်။ ဆက်လက်ပြီး မြို့နယ်စာရေးဆရာအသင်းသို့ စာအုပ်စာစောင်လှူဒါန်းသည့် အလှူရှင်များ၊ အလှူငွေထည့်ဝင်ကြသော အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

ခင်ခင်ဝင်း(ပညာရေး)

သတင်းစာ နေ့ချင်းပတ်ရ၍ နောင်ချိုမြို့နယ်၌ စာဖတ်ပရိသတ် ဝမ်းသာ

နောင်ချို ဇန်နဝါရီ ၁

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစပြီး နေ့စဉ်ထုတ် သတင်းစာများဖြစ်သည့် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့ နောင်ချိုမြို့နယ်သို့ နေ့ချင်းပေါက် ရောက်ရှိပြီဖြစ်သောကြောင့် ဒေသခံသတင်းစာဖတ် ပရိသတ်များ ဖတ်ရှုကြရသဖြင့် လွန်စွာဝမ်းသာနေကြကြောင်း သိရှိရသည်။ **(၀၆၁)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
- ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇း၂၀ နံနက်ခင်းသတင်း

၇း၅၅ သံသာချိုအေးမင်္ဂလာတေး

၈း၂၅ ဆေးလိပ်ကင်းကွာအနုပညာကမ္ဘာ

၈း၃၅ International News

၈း၄၅ တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀ စစ်ချီတေး၊ စစ်သည်တေး

၄း၁၅ အလင်းတန်းအားများရဲ့စွင်းအင်သစ် ရွှေကျင်ရေအားလျှပ်စစ်

၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)

၄း၅၀ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၅း၁၅ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲဆီသို့ (စိတ်ဓာတ်ပြင်းထန်အားနဲ့မာန်သွက်လက်လှုပ်ရှား တိုက်ကွမ်ဒိုအားကစား)

၅း၃၀ **အာဆီယံ-အိန္ဒိယ နှစ်(၂၀) မြောက် ချစ်ကြည်ရေးခရီးစဉ်**

၅း၅၀ **(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်**

၆း၀၀ ညနေခင်းသတင်း

၆း၂၀ **လူမှန်နေရာမှန်** (အပိုင်း-၂)
စွမ်းရည်၊ ဝက်မ၊ မိုးတိမ်၊ ရွှေသွေး၊ လန်ဒန်၊ ငွေတိုး၊ လှိုင်ဘွား၊ ထက်ထက်ဝင်း၊ ထက်နဒီမိုး၊ မေသူဇော်
(ဒါရိုက်တာ-ဖုန်းမြင့်အောင်)

၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ

၁၀း၀၀ ပြည်တွင်းသတင်း
- မြန်မာ့ရုပ်ရှင် **တိုက်ပွဲခေါ်သံ**
ညွှန့်ဝင်း၊ သီဟတင်စိုး၊ ဇော်လင်း၊ မင်းဦး၊ ဆွေဇင်ထိုက်၊ ဇင်မာဦး
(ဒါရိုက်တာ-မောင်တင်ဦး)

ဟားခါးမြို့ရှိ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး၌ ပြည်နယ်ဦးစီးမှူး ဦးစိုးပိုင်မြင့်နှင့် ဝန်ထမ်းများက မိုးပွင့်အဆင့်(၄) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားကိုယ်ရေး မှတ်တမ်းများကို စိစစ်မှတ်ပုံတင်သည့်လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

မီး ကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ စေတနာလမ်းနေ
ဦးတင်ယု (စာရင်းကိုင်-၁၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်ခင်သီတာအေး
(Procurement Executive United Paints Group Co., Ltd.)တို့၏
တစ်ဦးတည်းသောသား

ဒေါက်တာရဲအောင်ထွဋ်

M.B.,B.S (Ygn)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကန်တော်ကလေးနေ
ဦးကျော်မြင့် [Chief Engineer (Miraea Shipping Co.,)]-ဒေါ်တင်တင်မော်
တို့၏သမီးငယ်၊ ဒေါက်တာဖြိုးဆွေကျော်-ဒေါက်တာဖြိုးမြင့်မြတ်သူတို့၏ညီမ

ဒေါက်တာထက်အိန္ဒြေအောင်

M.B.,B.S (Ygn)

တို့အား ၂၅-၁၂-၂၀၁၂ရက် (ခရစ္စမတ်နေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်းနှင့် အဘက်ဘက်မှ ကူညီပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာရဲအောင်ထွဋ်-ဒေါက်တာထက်အိန္ဒြေအောင်

ပျောက်ဆုံးခြင်း

ကျွန်မ ဒေါ်ခင်သန်း၏ နိုင်ငံကူးစာအုပ်အမှတ် A-၀၀၀၅၄၇ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၆၇-၂၄၀၇၇**



ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဒေါက်တာလှမိုးသွင်-ဒေါ်သော်တာထွန်း(သုခဆေးကုခန်း)တို့၏သမီးကြီး မရွှန်းမြတ်မိုးသွင် အထက(၃)ပဲခူးတိုင်းဒေသကြီး(အရှေ့)သည် အခြေခံပညာကဏ္ဍ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွင်း ကျင်းပခဲ့သည့် အခြေခံပညာအဆင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ပဋ္ဌမတန်း၌ မြန်မာတစ်နိုင်ငံလုံးတွင် ပထမဆုရရှိခဲ့သည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

Medi Myanmar Group Ltd & Han Ideal Trading Ltd.

ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်ဖြစ်ကြောင်း

လှိုင်းဘွဲ့မြို့နယ်၊ ဝိုင်းထော်ကျေးရွာနေ စောမြင့်ဦး ၃/လဘန(နိုင်)၀၄၇၅၁၆ ၏ ဖခင်အမည်မှန်မှာ ဦးအခလူ (ခ) ဦးသန်းအောင်နှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၁-၈-၁၉၈၁ ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **စောမြင့်ဦး**

ကြိုဆိုပါသည် ကမ္ဘာလှည့် ခရီးသည်

ဦးဟန်ညွန့် (ဥပဒေ)

ခရီးသွားခြင်းအကျိုး

ခရီးသွားခြင်းဖြင့်-
(၁) စိတ်ချမ်းသာခြင်း
(၂) ကိုယ်ကျန်းမာခြင်း
(၃) ဗဟုသုတ တိုးပွားခြင်းစသည့် အကျိုးကျေးဇူးများ ရရှိသည်။ သို့ဖြစ်၍ ပုံစံအမျိုးမျိုးဖြင့် ခရီးသွားကြသည်။ ကမ္ဘာလှည့်ကြသည်။ သာယာလှပသော ရွှေနိုင်ငံ၊ အေးချမ်းရည်မွန်သော မေတ္တာနိုင်ငံ၊ ယဉ်ကျေးမှုအမွေအနှစ် ပေါများသော သမိုင်းနိုင်ငံ ဤနှယ်သော ဂုဏ်ဒြပ်များနှင့် ပြည့်ဝသောကျွန်ုပ်တို့ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် များ လာရောက်ကြသည်မှာ မဆန်းလှပေ။ ဤမြေဤရေသည် ကမ္ဘာလှည့်တို့ လေးစားအားထား ခရီးသွားသော မြန်မာ့မြေ၊ မြန်မာ့ရေ ဖြစ်သည်။

အမျိုးအစား

ခရီးသွားလာခြင်းကို အောက်ပါအတိုင်း အမျိုးအစားခွဲခြားနိုင်သည်။
(က) အပန်းဖြေခရီးသွားလာခြင်း
(ခ) သဘာဝကို အခြေခံသောခရီး သွားလာခြင်း
(ဂ) ယဉ်ကျေးမှုကို အခြေခံသော ခရီးသွားလာခြင်း

ယဉ်ကျေးမှုကို အခြေခံသော ခရီးသွားလာခြင်း

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသည်အများစုသည် ယဉ်ကျေးမှုကို အခြေခံသော ခရီးသွားလာသူများ ဖြစ်ကြသည်။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ဒေသများသို့ လာရောက်လေ့လာခြင်းသည် အဓိကဖြစ်သည်။ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံများ၊ အနုပညာလက်ရာများ၊ ဗိသုကာလက်ရာများ၊ ရိုးရာဓလေ့ထုံးစံများကို ခံစားကြသည်။ လည်ပတ်ကြသည်။ ကြည့်ရှုကြသည်။ မှတ်တမ်းတင်ကြသည်။

တည်ဆဲဥပဒေများ

ရှေးဟောင်းဝတ္ထုပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်သည့် တည်ဆဲဥပဒေများမှာ-

(၁) ၁၉၅၇ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေနှင့် ၁၉၆၂ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ပြင်သည့် ဥပဒေ

(၂) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေနှင့် ယဉ်ကျေးမှု အမွေအနှစ်ဒေသများ (၁၉၉၈)၊ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၀၉)

(၃) ယဉ်ကျေးမှုဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၁ ဖြင့် ထုတ်ပြန်သော ယဉ်ကျေးမှုအမွေအနှစ် ဒေသများ ကာကွယ်ထိန်းသိမ်းရေး နည်းဥပဒေများ ဖြစ်ပါသည်။

တည်ဆဲဥပဒေများကို လိုက်နာစေခြင်း

ကမ္ဘာလှည့်ခရီးသည်များ လာရောက်ခြင်းဖြင့် ဝင်ငွေတိုးပွားခြင်း၊ အခြားအကျိုးကျေးဇူးများရရှိခြင်း မှန်သော်လည်း တည်ဆဲဥပဒေများကို လိုက်နာစေခြင်းဖြင့် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းကာကွယ်ရပါသည်။ ယဉ်ကျေးမှုဆိုင်ရာဥပဒေများ သာမက တည်ဆဲပြစ်မှုဆိုင်ရာဥပဒေ၊ အထူးဥပဒေများအရပါ လိုက်နာစေရပါသည်။

နိုင်ငံခြားသားများကို ကာကွယ်စောင့်ရှောက်ပါ

မိမိနိုင်ငံ(မြန်မာနိုင်ငံ)သို့ ပုံစံအမျိုးမျိုးဖြင့် လာရောက်ကြသူ နိုင်ငံခြားသားအားလုံးကို လူမှုရေးအရ၊ နိုင်ငံရေး အရ၊ တရားဥပဒေအရ ကာကွယ်စောင့်ရှောက်ပေးရသည်မှာ မူလအဓိက တာဝန်ဖြစ်ပါသည်။ တရားဥပဒေ၏ အကာအကွယ်စောင့်ရှောက်မှု ပြုရမည်မှာလည်း သဘာဝကျပါသည်။ သို့ဖြစ်၍လည်း "နိုင်ငံခြားသားများကို ကာကွယ်စောင့်ရှောက်ပါ" ဟု စာတန်းများ ချိတ်ဆွဲ၍ အသိပေးကြော်ငြာထားပါသည်။ နိုင်ငံခြားသားများ ကြီးကြပ် ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီကလည်း ကူညီဆောင်ရွက်ပေးနေပါသည်။

ပြစ်မှုကျူးလွန်သည့် နိုင်ငံခြားသားများ

မပြောပလောက်သော နိုင်ငံခြားသားအချို့သည် ခရီးသွားရင်း ပြည်တွင်းဥပဒေကို ချိုးဖောက်တတ်ကြသည်။ ရည်ရွယ်ချက်ပါသူ၊ မတော်တဆ ကျူးလွန်မိသူ အမျိုးမျိုးရှိနိုင်ပါသည်။ လူဝင်မှုကြီးကြပ်ရေးဥပဒေကို ကျူးလွန်သော နိုင်ငံခြားသား၊ ပြစ်မှုဆိုင်ရာဥပဒေကို ကျူးလွန်သော နိုင်ငံခြားသား (ဥပမာ- လက်ရောက်မှု၊ ကြိမ်းဝါးမှု၊ ဆဲဆိုမှု)၊ ကာမကိစ္စနှင့် ဆက်နွယ်သော ကိစ္စရပ်များ(ဥပမာ- ပြည့်တန်ဆာမှု၊ မုဒိမ်းမှု၊ ကာမဂုဏ်ဆိုင်ရာမှုခင်းများ)၊ လိမ်လည်မှု ကျူးလွန်သော နိုင်ငံခြားသားများ (ဥပမာ- ဟန်းဆက်၊ ကင်မရာ)၊ မျက်မှန်စသည့်လူသုံးပစ္စည်း အဟောင်း၊ အတုများကို ဈေးကြီးပစ္စည်းအဖြစ် လိမ်လည်ရောင်းချမှုများ ရှိကြောင်း သိရသည်။ တာဝန်ရှိသူနှင့် ပြည်သူအပေါင်း စုပေါင်းထိန်းသိမ်းပေးရန် လိုအပ်ပါမည်။ အကျိုး၊ အပြစ် ဆန်းစစ်ကာ အဖြေရှာ ကုစားကြရပါမည်။ အေးဆေးတည်ငြိမ်စွာ ကာကွယ်ကြရပါမည်။

ကြိုဆိုပါသည် ကမ္ဘာလှည့်ခရီးသည်

၂၀၁၃ ခုနှစ် ဆီးဂိမ်းပွဲတော်ကြီးလည်း မကြာမီ ကျင်းပတော့မည်။ ယခုချိန်ခါသည် ပွင့်လင်းရာသီ ရောက်တော့မည်။ တာဝန်အရပဲ ဖြစ်ဖြစ်၊ အလည်အပတ်လာသည်ပဲ ဖြစ်ဖြစ်၊ မည်သည့်ပုံစံနှင့်ပဲလာလာ မြန်မာပြည်သည်လှပသည်။ မြန်မာပြည်သည် သာယာသည်။ မြန်မာပြည်သည် ယဉ်ကျေးသည်။ မြန်မာပြည်သည် စေတနာကောင်းသည်။ မြန်မာပြည်သည် ရိုးသားသည်။ မြန်မာပြည်သည် နိုးကြားသည်။ ဤသို့သော ဂုဏ်ဒြပ်များဖြင့် ရစ်ပတ် ခြယ်မှုန်းထားသည့် မြန်မာပြည်သို့ ကမ္ဘာလှည့်ခရီးသည်များလာခဲ့ကြပါ။ ကမ်းလင့် ကြိုဆိုပါသည်။ ကြိုဆိုပါသည် ကမ္ဘာလှည့် ခရီးသည်. . .။

မိတ္ထီလာ၌ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်

မိတ္ထီလာ ဇန်နဝါရီ ၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မြို့မရပ်ကွက် အုပ်ချုပ်ရေးမှူးအား အုပ်ချုပ်ရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ (အသစ်)နှင့်အညီ ရွေးချယ်ခြင်း အခမ်းအနားကို အဆိုပါရပ်ကွက်ရှိ သမိုင်းဝင် ကရဝိက်ဖောင်တော်ဦး စေတီတန်ဆောင်းအတွင်း၌ ဒီဇင်ဘာ ၂၁ ရက် ညနေ ၃ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့်အဖွဲ့ဝင်များ၊ ဆယ်အိမ်မှူး ၃၉ဦးနှင့် ဖိတ်ကြားထားသည့် ရပ်ကွက်တွင်းရှိ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ရပ်ကွက်ကြီးကြပ်ရေးအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးချိုဝင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးတွင် ရှိရမည့် အရည်အချင်း ၁၁ ချက်ကို ရှင်းလင်းပြောကြားပြီး ဦးအောင်ဇော်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်သည့်ပုံစံကို ရှင်းလင်းပြောကြားသည်။ ရွေးချယ်ပွဲတွင် ဦးကျော်ကျော်ဦးက မဲအရေအတွက်အများဆုံးဖြင့် အနိုင်ရရှိပြီး အခမ်းအနားကို မြို့နယ်အထောက်အကူပြုအဖွဲ့ တာဝန်ခံဦးအုံးကြည် (စာတိုက်မှူး)က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၀၀၆)

ကျောင်းပညာအပြင် စာပေဖတ်ရှုရေး ကန့်ဘလူ၌ ဟောပြောပွဲကျင်းပ

ကန့်ဘလူ ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ကန့်ဘလူမြို့ အထက(၁)တွင် ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်မှူး ဒေါ်သိန်းသိန်းမော်က ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းပညာရေးအပြင် ပြင်ပဗဟုသုတရဖွယ်စာပေများကို လေ့လာဖတ်ရှုနိုင်ရေး ဟောပြောခဲ့သည်။

မြို့နယ်စာကြည့်တိုက်မှူး ဒေါ်သိန်းသိန်းမော်က "စာဖတ်ရှိန်မြှင့်တင်ရေး အနေဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို အသိပညာ ဗဟုသုတတိုးပွားရေးအတွက် မိမိတို့ စာကြည့်တိုက်တွင် အသင်းဝင်ပြီး စာအုပ်များ အခမဲ့ငှားရမ်းဖတ်ရှုနိုင်ပါတယ်"ဟု စည်းရုံးဟောပြောခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြက်ငှက်တုပ်ကွေးရောဂါ ကန့်ဘလူမြို့၌ ကြိုတင်ကာကွယ်

ကန့်ဘလူ ဇန်နဝါရီ ၁

ကန့်ဘလူမြို့နယ်ရှိ ကြက်မွေးမြူရေးဇုန်များဖြစ်သော ကန့်ဘလူမြို့မ ဇီးကုန်း(တ)မွေးမြူရေးဇုန်များသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်မှုအနေဖြင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်ဝင်း၊ ဒုတိယဦးစီးမှူး ဒေါက်တာအောင်ရွှေထွန်းနှင့် ဒေါက်တာမြတ်လင်း၊ မွေးမြူရေးဇုန်လုပ်ငန်းကြီးကြပ်မှုကော်မတီအဖွဲ့၊ မွေးမြူရေးလုပ်ငန်းရှင်များ အသင်းချုပ်တို့ ပါဝင်သောအဖွဲ့များသည် မွေးမြူရေးဇုန်များသို့ ဒီဇင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်များတွင် ဇုန်အတွင်းကြက်များသေဆုံးမှု ရှိ/မရှိ စစ်ဆေးပြီး ကြက်ခြံများကို ပိုးသတ်ဆေးဖျန်းရန် ဇီဝလုံခြုံမှုမြှင့်တင်ဆောင်ရွက်ကြရန် ပညာပေးပြောကြားကာ ဇုန်အဝင်ဝ မောင်းတံဂိတ်ချ၍ ဆေးဖျန်းခြင်းဆောင်ရွက်ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဓလေ့ဆောင်းပါးနှင့် နယ်သတင်း

ရှေးဟောင်းသမိုင်းဝင်မန္တလေးနန်းမြို့ကျုံးအနောက်ဘက် အာဋ္ဌာဝတီတံတား ရှေးဟောင်းမှုမပျက်ပြင်ဆင်လျက်ရှိ

မန္တလေး ဇန်နဝါရီ ၁

မန္တလေးမြို့တော်၏ နှစ်ပေါင်း ၁၅၄ နှစ်ကျော်က ရှေးဟောင်းသမိုင်းဝင် အထင်ကရတစ်ခုဖြစ်သော အောင်မြေသာစံမြို့နယ် မန္တလေးနန်းမြို့ကျုံးအနောက်ဘက်လမ်း ၈၀ နှင့် ၂၂ လမ်းဆုံရှိ အာဋ္ဌာဝတီကျုံးတံတားကို ရှေးဟောင်းသုတေတန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ဒီဇင်ဘာ ၂၈ ရက်မှစ၍ ရှေးမူမပျက်ရှေးလက်ရာများအတိုင်း ပြန်လည်ပြင်ဆင်ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိသည်။

မန္တလေး နန်းမြို့ရိုးကျုံးတော်ကြီး၊ နန်းတော်ကြီးတို့ကို မန္တလေးမြို့တည် နန်းတည်ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားခဲ့ခြင်းဖြစ်ပြီး ရှေးမြန်မာမင်းလက်ထက်မှ ယနေ့တိုင် အသုံးပြုမှုနှစ်ပေါင်းကြာမြင့်ပြီဖြစ်သောကြောင့် နန်းမြို့ရိုးကျုံးတံတားတို့မှာ အချို့နေရာတို့တွင် ပျက်စီးယိုယွင်းလာကာ နန်းမြို့အဝင်ပေါက် လေးပေါက်ရှိသည့် အနက် နံနက်မိုးလင်းမှ မိုးချုပ်သည်အထိ မော်တော်ယာဉ်ကြီးများ၊ ယာဉ်ငယ်များ၊ စက်ဘီး၊ ဆိုင်ကယ်တို့ဖြင့် အများဆုံးသွားလာ အသုံးပြုလျက်ရှိသည့် နန်းမြို့ကျုံးအနောက်ဘက် အာဋ္ဌာဝတီတံတား လက်ရမ်းများ၊ တံတားတိုင်များနှင့် ရက်မများ၏ ကြံ့ခိုင်မှုအားနည်းလာသဖြင့် ပြန်လည်ပြင်ဆင်နေပြီဖြစ်၍ မော်တော်ယာဉ် အသွားအလာများ ခေတ္တပိတ်ထားကြောင်းနှင့်၊ မန္တလေးနန်းမြို့ရိုးကိုလည်း မကြာမီပြင်ဆင်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(တင်မောင်-မန္တလေး)**

လူလတ်တန်းစား လက်လုပ်လက်စားတို့၏ ဘောထုပ်အနွေးထည်

ပဲခူး ဇန်နဝါရီ ၁

ပဲခူးမြို့တွင် ယခုနှစ်ဆောင်းရာသီသည် ဒီဇင်ဘာလလယ်ခန့်က ၃ ရက်၊ ၄ ရက် အအေးပိုခဲ့သော်လည်း ကျန်ရက်များတွင် အအေးပေါ့ခဲ့သည်။ သို့သော်လည်း ဆောင်းရာသီရောက်တိုင်း ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံများမှတစ်ဆင့် ကွန်တိန်နာများဖြင့် ဝင်ရောက်လာသော ဘောထုပ်များတွင်ပါရှိသည့် အနွေးထည်များ ရောင်းကောင်းခဲ့သည်။

ရွေးချယ်ဝယ်ယူ

ရန်ကုန်မြို့ မင်္ဂလာဈေးနှင့် တာမွေဈေးတို့တွင် ဘောထုပ်တစ်ထုပ်လျှင် ငွေကျပ် ၁၂၀၀၀၀ ဝန်းကျင်ဈေးပေး၍ သွားရောက်ဝယ်ယူပြီး ပဲခူးမြို့တွင် လက်လီပြန်လည်ရောင်းချကြသည်။ ဘောထုပ် တစ်ထုပ်လျှင် ကျားဝတ်၊ မဝတ် အရွယ်စုံ ဆိုဒ်စုံ အထည် ၃၀၀ မှ ၄၀၀ ခန့်ထွက်ရှိသည်။ ကောင်းသောအထည်၊ သင့်သောအထည်၊ ညံ့သောအထည်ရွေးချယ်၍ တစ်ထည်လျှင် ငွေကျပ် ၁၀၀၀၊ ၁၅၀၀၊ ၂၀၀၀ စသည်ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချလျက်ရှိရာ ဝယ်သူစိတ်ကြိုက် ရွေးချယ်ခွင့်ရရှိသဖြင့် ဘောထုပ်ပုံအနီးတွင် လူလတ်တန်းစားနှင့် လက်လုပ်လက်စားများ ဝိုင်းအုံစုပြုံ ရွေးချယ်ဝယ်ယူလျက်ရှိသည်ကို ပဲခူးမြို့တွင် တွေ့မြင်ရသည်။ **(အောက်ပုံ)** **(သန့်စင်)**

စာပေမြင့်မှ လူမျိုးတင့်မည်

သိန်း(၁၀၀)အောက်ဂျပန်(လူစီးနှင့်လုပ်ငန်းသုံး)ကားသစ်များ။(၅၀)% လျှော့ဈေးဖြင့်ရောင်းချမည့်အီလက်ထရောနစ်ပစ္စည်းများ။
(၄၀)% လျှော့ဈေးဖြင့်ရောင်းချမည့်အထွေထွေလူသုံးကုန်ပစ္စည်းများ။(၃၀)% လျှော့ဈေးဖြင့်ရောင်းချမည့်အိမ်ယာကွန်ဒိုနှင့်တိုက်ခန်းများ။(၂၅)% လျှော့ဈေးဖြင့်ရောင်းချမည့်နာမည်ကျော်အလှကုန်များ။
တစ်ခုဝယ်တစ်ခုလက်ဆောင်ပေးမည့်အစီအစဉ်များ။ဗလာမပါကံစမ်းမဲများ။အပိုမေတ္တာလက်ဆောင်များ။ဆန်းသစ်သောဖျော်ဖြေရေးအစီအစဉ်များဖြင့်မန္တလေးမြို့၏အထူးခြားဆုံးကုန်စည်ပြပွဲကြီး
ကုန်စည်ပြပွဲနှင့်ကားပြပွဲကြီး(မန္တလေး)
12.1.2013 မှ 15.1.2013 မြို့တော်ခန်းမ၊မန္တလေးမြို့။ နံနက်(၉)နာရီမှည(၉)နာရီထိ
ပါဝင်ပြသရောင်းချလိုသူများစုံစမ်းရန်-SMART BUSINESS GROUP Ph:01-656875,667473,09-73014777,09-5099079

ဆရာ ဦးမောင်မောင်တီ

2012 All D(၁၀)ဦးစလုံး
ဖုန်း-552054, 095186637

FAME
JavaHerb®
Anti-diabetic
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
1112 YR 008205

FAME
Biogurt®
Probiotic supplement
ဒိန်ချဉ်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ကြော်ငြာ

တပ်မတော်နည်းပညာတက္ကသိုလ်

ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ ဖိတ်ကြားလွှာ

တပ်မတော်နည်းပညာတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သော အရာရှိကြီးများနှင့် ဆရာကြီး ဆရာမကြီးများအား အာစရိယပူဇော်ပွဲနှင့် တာဝန်ထမ်းဆောင်ခဲ့သော အရာရှိများ၊ ဆရာ ဆရာမများ၊ ကျောင်းဆင်းအရာရှိများ မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် အခမ်းအနားသို့ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၉-၁-၂၀၁၃ (စနေနေ့)

အချိန် - ၁၈း၀၀နာရီ

နေရာ - သင်္ဂဟဟိုတယ်၊ နေပြည်တော်

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲဖြစ်မြောက်ရေးကော်မတီ

၁။ ဗိုလ်မှူးစိန်မြင့်(ငြိမ်း)	ဖုန်း-၀၉-၅၀၆၉၁၁၃	၂။ ဗိုလ်ကြီးဘုန်းလင်းကြိုင်(ငြိမ်း)	ဖုန်း-၀၉-၄၄၄၀၂၂၁၀၃
၃။ ဗိုလ်ကြီးအောင်စိုးရ(ငြိမ်း)	ဖုန်း-၀၉-၅၀၆၈၉၆၀	၄။ ဗိုလ်ကြီးအောင်ကိုထိုက်(ငြိမ်း)	ဖုန်း-၀၉-၄၉၂၃၄၂၆၄
၅။ ဗိုလ်ကြီးငြိမ်းထက်သူ(ငြိမ်း)	ဖုန်း-၀၉-၄၉၂၃၉၁၄၄	၆။ ဗိုလ်ကြီးအောင်ကိုလတ်(ငြိမ်း)	ဖုန်း-၀၉-၄၀၁၅၅၆၀၅၆
၇။ ဗိုလ်ကြီးမိုးသူ	ဖုန်း-၀၉-၄၂၀၇၀၆၀၄၁	၈။ ဗိုလ်ကြီးရဲသွေး(ငြိမ်း)	ဖုန်း-၀၉-၂၄၀၀၃၂၇
၉။ ဗိုလ်ကြီးမင်းသုကျော်	ဖုန်း-၀၉-၂၀၃၇၆၈၂	၁၀။ ဗိုလ်ကြီးထက်အောင်	ဖုန်း-၀၉-၅၃၆၀၆၈၈

အခမ်းအနားသို့ အမှန်တကယ်တက်ရောက်နိုင်မည့် ကျောင်းဆင်းအရာရှိများ နာမည်စာရင်း ကြိုတင်ပေးပို့ပါရန်။

မင်္ဂလာဆောင်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်ခွဲ၊ ဝါနှင့်ပိုးချည်ဝင်းနေ

ဦးမြင့်လွင်(လက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနရုံးချုပ်)-ဒေါ်ငွေကြည်

(အထက်တန်းပြဆရာမ၊ငြိမ်း)တို့၏ သားကြီး

ဗိုလ်ကြီး/ဗိုလ်မှူးတေဇာဦး

B.E (Electronics) D.S.T.A

M.E (Telecommunication),

Ph.D (Antenna) MAI (Russia)

ယာယီလက်ထောက်ကထိက(ဗိုလ်မှူး)၊ တပ်မတော်နည်းပညာတက္ကသိုလ်

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းနေ

ဒုတိယဗိုလ်မှူးကြီးတင်မောင်လွင်(ငြိမ်း)-ဒေါ်မြင့်မြင့်အေးတို့၏ သမီးကြီး

မမေမြတ်နိုးလွင်

B.E (Civil), M.E (Civil),

Ph.D (Civil Structural Engineering) (Thesis) (YTU)

အငယ်တန်းအင်ဂျင်နီယာ(၂)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

တို့၏ ၂၁-၁၂-၂၀၁၂ရက်တွင် အင်းစိန်မြို့နယ်၊ မင်္ဂလာနေအိမ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော အင်းစိန်မြို့နယ်တရားသူကြီး ဦးမောင်လွင်အားလည်းကောင်း၊ မင်္ဂလာအသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးသန်းဝင်း (Civil Engineering Consultant)နှင့် ဒေါ်ဝါဝါခိုင်(Total E & P Myanmar)တို့အားလည်းကောင်း၊ အင်းစိန်မြို့နယ် ရွှေညောင်ပင်ပရိယတ္တိစာသင်တိုက်၌ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဦးဆွမ်းကျွေးအလှူသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၅-၁၂-၂၀၁၂ရက် (ခရစ္စမတ်နေ့)တွင် Chatrium Hotel Royal Lake Yangon (Grand Ballroom)၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာဆောင်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးချုပ်ရဲဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်အိအိခိုင်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ပါမောက္ခဒေါက်တာဦးစိုးအောင်၊ ဌာနမှူး(ငြိမ်း)၊ ကင်ဆာရောဂါဆေးပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့်ဇနီး ဒေါ်ငွေသိဏ်း၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မချစ်စနိုးနှင့် မသုဏ္ဍန္ဒေတင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းနှင့် လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မချစ်မြတ်နိုးလွင်နှင့် မဆုလပြည့်တင်၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးမြတ်ဇော်စိုးနှင့် ဗိုလ်ကြီးအောင်ငြိမ်းချမ်း၊ မင်္ဂလာသတို့သမီးအရံ မယုယုကြည်ဝင်းနှင့် မနွယ်နီလင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး တက္ကသိုလ် ဦးကိုကိုဇော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင် ဒေါ်စိမ်းမို့မို့၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော Cupid Music Band အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ ရွှေကုံ့ကော်ပိုးထည်တိုက်နှင့် သီတဂူ၊ မိတ်ကပ်နှင့်ဆံပင် ညီညီမောင်(စမ်းချောင်း)၊ Pre-Wedding ဓာတ်ပုံများရိုက်ကူးပေးပါသော Forever Photo Studio၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးပါသော Excellent အဖွဲ့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ တေဇ(၅)မှ အရာရှိကြီးများနှင့်ဇနီးများ၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇော်မြင့်၏ဇနီး ဒေါ်ခင်မြင့်မြင့်၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေများ၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Love Inivtation Card၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

ဗိုလ်ကြီး/ ဗိုလ်မှူးတေဇာဦး-မမေမြတ်နိုးလွင်

ကျိုက်ထီးရိုး (နေ့စဉ်)
OASIS
ချောင်းသာ (နေ့စဉ်)
09 503 8616, 09 5012452, 09 7310 3031

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ် ၈၆၃၊ မြေကွက်တည်နေရာအမှတ်-၈၆၃၊ (၂၈)ရပ်ကွက်၊ အောင်သီရိ ၂ လမ်း၊ ဒဂုံမြောက်မြို့နယ် ဦးမြတ်ထွန်း၊ ဒေါ်မြတ်သူအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြတ်ထွန်းကွယ်လွန်သဖြင့် ဒေါ်မြတ်သူ ၁၂/ရကန(နိုင်)၀၅၀၅၁၆က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေး

ကော်မတီ

တယ်ကို သွားလည်ရမလဲလို့
စဉ်းစားမရရင်
ဖိုးစိန်ဂယ်လာရီကို
စတောလောက်လာလည်ကြည့်လေ။
အမှတ်(၅၀-စီ)၊ ဖိုးစိန်လမ်း၊
Holiday စားသောက်ဆိုင်နောက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
၀၁-၅၅၇၃၆၃၊ ၀၁-၂၀၉၃၃၇၊
၀၉ ၅၄၀၈၈၇၅၊ ၀၉ ၅၄၀၂၇၇၆

EVER TOP Ph: 0973040610
098770096
ဂျပန် | အင်္ဂလိပ် | ကိုရီးယား
Saya William | TOPIK | 4-Skills
တရုတ် | 4-Skills | မလေး
Phonetics
Grammar+Writing
အင်္ဂလိပ်/တရုတ်စကားပြော၃လ(၅၀၀၀/ကျပ်)

မင်္ဂလာဆောင်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၃၁၄)နေ

ဦးစိုးဝင်းအောင် [အင်ဂျင်နီယာမှူးကြီး(ငြိမ်း)၊ အမှတ်(၁) ကြေးနီသတ္တုတွင်း]-ဒေါ်ခင်မမ

တို့၏သား

မောင်အောင်စိုးမိုး

B.C.Sc (Hons:), (U.C.S.Y)

System Analyst (Deloitte & Touche LLP)

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဓမ္မဝိဟာရလမ်း၊ အမှတ် ၁၀၆ နေ

ဦးခင်ကျော် [ဒုတိယအင်ဂျင်နီယာချုပ်(စီမံကိန်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း]-ဒေါ်လှလှဝင်း

[ပုံဆွဲ(၁)၊ ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး]

တို့၏သမီး

မအေးအေးသန့်

M.C.Sc(U.C.S.Y), M.Sc (NTU)

Interior Designer (Cynosure Design Pte., Ltd.)

တို့၏ ၂၅-၁၂-၂၀၁၂ရက် အမှတ် ၁၀၆၊ ဓမ္မဝိဟာရလမ်းနေအိမ်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဒေါ်ခင်နုသာ(ဒုတိယခရိုင်တရားသူကြီး)အားလည်းကောင်း၊ ၂၉-၁၂-၂၀၁၂ရက် Sedona Hotel (Grand Ballroom) တွင်ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဆောင်ခံပွဲအခမ်းအနားတွင် ကြွရောက်ချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်မူမူဆွေ၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့်ဇနီး ဒေါ်အေးအေးချစ်၊ ကြွရောက်ချီးမြှင့်ပေးပါသော မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ညွန့်တင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) စည်သူဦးတင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) စည်သူဦးမြင့်သိန်းနှင့်ဇနီး ဒေါ်မြသန်း၊ မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပို့ပါသော ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) စည်သူဦးကျော်မြင့်နှင့်ဇနီးတို့အားလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့်ဇနီး ဒေါ်နီနီအောင်၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ Cupid တေးဂီတအဖွဲ့နှင့် မင်္ဂလာအခါတော်ပေးသီချင်းဆိုပေးသော တေးသံရှင် ဒေါ်ရီရီသန့်နှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးသော သမီးငယ်သံသာယွန်းဝတီ၊ မင်္ဂလာလက်စွပ်ဗန်းနှင့် မင်္ဂလာအောင်စံပယ်ကုံးကိုင်ဆောင်ပေးသော မသဲသီရိထွန်း၊ သတို့သားအရံ မောင်သက်နိုင်ထွန်းနှင့် မောင်ပြည့်စုံကျော်၊ သတို့သမီးအရံ မစန္ဒာမြင့်နှင့် မအေးမြတ်မွန်ထွေး၊ မင်္ဂလာဝတ်စုံ၊ လက်ဝတ်ရတနာ၊ ပန်းအလှပြင်ဖန်တီးပေးသော သီတဂူ(သစ်ခွခြံ)၊ ဆံပင်မိတ်ကပ်အလှဆင်ပေးသော လင်းလင်း (Artist)၊ အလှဓာတ်ပုံရိုက်ကူးပေးသော 7Pictures studio၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးသော ကိုတိုးမင်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာ ရိုက်နှိပ်ပေးပါသော DAGON ပုံနှိပ်တိုက်တို့အားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးသော Eternal Flowers၊ Sedona ဟိုတယ်မှ မန်နေဂျာ မလီလီနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဆောင်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်စိုးမိုး-မအေးအေးသန့်

ရန်ကုန်ဆေးတက္ကသိုလ်(၁) ၁၉၇၂-၁၉၈၀

ကျောင်းသား-ကျောင်းသူဟောင်းများ တွေ့ဆုံညစာစားပွဲကို ၁၉-၁-၂၀၁၃ ရက် (စနေနေ့) ည ၆း၀၀ နာရီတွင် Panda Restaurant တွင် ပြုလုပ်မည် ဖြစ်ပါ၍ တက်ရောက်ကြပါရန်နှင့် နီးစပ်ရာ သူငယ်ချင်းများသို့ အကြောင်းကြားပေးပါရန် အသိပေး ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်ဖြစ်မြောက်ရေးအဖွဲ့

ဖုန်း-09425015880, 095122732, 095156585,095021577

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ၃၆ လမ်း၊ အမှတ် ၂၉ နေ ဦးဇော်လွင် ၁၂/ကတတ(နိုင်)၀၀၅၁၀၃၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၅၉၅(A)၊ သာယာကုန်းအရှေ့၊ ဦးပိုင်အမှတ် N ၃၆(က+ခ)မြေဧရိယာဧက ၂၉ဒသမ ၄၄ရှိ မြေကွက်နှစ်ကွက်သည် ဦးတင်အေး ၁၂/ကတတ(နိုင်)၀၀၅၀၉၇ အမည်ပေါက်မြေကွက်များ ဖြစ်ပါသည်။

၂။ ယခုအခါ မြေကွက်ပိုင်ရှင် ဦးတင်အေးနှင့်ဇနီး ဒေါ်ဖွားအိုတို့ ကွယ်လွန်သွားခဲ့သဖြင့် တစ်ဦးတည်းသောသားအရင်းဖြစ်သူ ဦးဇော်လွင်သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဦးတင်အေးတို့၏အမွေကို ဆက်ခံရရှိသည်နှင့်အညီ အပိုဒ် ၁ ပါ မြေကွက်နှစ်ကွက်ကို ဦးဇော်လွင်က အမွေဆက်ခံရရှိခဲ့ပါသည်။

၃။ သို့ပါ၍ အထက်အပိုဒ် ၁ ပါမြေကွက်အား ဦးဇော်လွင်၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံတင်သွင်းခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် တားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၄။ အကယ်၍ အထက်အပိုဒ် ၁ ပါ မြေကွက်နှင့်ပတ်သက်ပြီး ဤအများသိစေရန်ကြေညာချက်မပြုလုပ်မီဖြစ်စေ၊ ပြုလုပ်ပြီးနောက်ဖြစ်စေ အပိုဒ် ၃ ပါ အသိပေးတားမြစ်ချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ဖောက်ဖျက်ကျူးလွန်သူများ၏ တာဝန်သာဖြစ်ပြီး ဦးဇော်လွင်နှင့်ပတ်သက်ခြင်း မရှိပါကြောင်း၊ ဦးဇော်လွင်တွင် ထိခိုက်နစ်နာမှုများရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှစိုး (စဥ်-၃၉၁၆)

တရားလွှတ်တော်ရှေ့နေ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆ယ/၆၈၈၉၈၊အမျိုးအမည် Honda Wave NF 125 ma ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့် ၁၃/တခလ(နိုင်)၀၁၅၀၀၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တာချီလိတ်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံအရှေ့စက်မှုဇုန်အပိုင်း(၂)၊ တိုးချဲ့စက်မှုဇုန်(ရိုးမရိပ်သာ စက်မှုဇုန်)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄)၊ စက်မှုမြေကွက်အမှတ်(၁၃/၆၈၉)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်ထွန်း ၁၂/ဥကတ(နိုင်)၀၀၃၅၃၂ထံမှ စာချုပ်စာတမ်းဖြင့် တရားဝင် ဝယ်ယူထားသူ ဦးကျင်မောင် ၁၂/ဥကတ(ဧည့်)၀၀၀၀၇၂၊ ဒေါ်မာလာမြင့် ၁၂/ရကန(နိုင်)၀၀၁၂၉၈က ပိုင်ရှင်အမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဖခင်အမည်မှန်

ကျွန်တော် မောင်မင်းမင်းထွန်း ၇/ကတခ(နိုင်)၁၅၂၄၆၇၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်း(ခ)ဦးကုလား ဖြစ်ပါသည်။

ဦးအောင်ထွန်း(ခ)ဦးကုလား

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

